ကြေးမုံ

The Mirror Daily

Established in 1957


**မင်္ဂလာ**

မင်္ဂပိုလ်အကျိုးကို ရနိုင်

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂပိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 8 January 2020 | ၉၈၈၈


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂါနာနိုင်ငံသံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကွာလာလမ်ပူမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံသံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးအမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-ဂါနာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေး ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



## လက်ခံတွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂါနာနိုင်ငံသံအမတ်ကြီး အာကူရာ ဆီကီဝါ အာဟန်ကော်ရာအား လက်ခံတွေ့ဆုံစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၁၀

တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

စာမျက်နှာ » ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၅

ကျုပ်တို့အသည်းစွဲ အလွဲများစွာ

စာမျက်နှာ » ၆

အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမား ဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များ

စာမျက်နှာ » ၁၈


# နိုင်ငံတကာက မြန်မာ့ကျောက်မျက်ကို ဝယ်ယူရာတွင် ကုန်ချောထက် ကုန်ကြမ်းကိုသာ ဝယ်ယူမှုပိုများ

**ရန်ကုန် ဇန်နဝါရီ ၇**

နိုင်ငံတကာက မြန်မာ့ကျောက်မျက်ကို ဝယ်ယူရာတွင် ကုန်ချောထက် ကုန်ကြမ်းကိုသာ စိတ်ဝင်စားပြီး ဝယ်ယူမှုပိုများကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ(၄) ဒေါ်မြင့်သက်နိုင်က ပြောသည်။

**ကုန်ကြမ်းဝယ်ယူမှုများ**

လက်ရှိကျောက်မျက်ရတနာအချောထည်များကို နိုင်ငံတကာက ဝယ်ယူနေသော်လည်း ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်မျက်ရတနာ ကုန်ကြမ်းဈေးကွက်ကိုသာ နိုင်ငံတကာက စိတ်ဝင်စားပြီး ကုန်ကြမ်းဝယ်ယူမှုများကြောင်း ၎င်းက ဆက်ပြောသည်။

"ကျောက်မျက်ရတနာအချောထည်က ကမ္ဘာတစ်ဝန်းကို သွားတာပေါ့။ ဒါပေမယ့် နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲတွေ၊ အသင်းချုပ်၊ အသင်းခွဲတွေကကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲတွေမှာဆိုရင် များသောအားဖြင့် ကျောက်မျက်ရတနာကို ကုန်ကြမ်းဈေးကွက်အနေနဲ့ပဲ နိုင်ငံတကာက စိတ်ဝင်စားတယ်။ ဒါပေမယ့်လည်း အဲဒီမှာလည်း ကျောက်မျက်ရတနာအချောထည်ကို တင်ပြရောင်းချပါတယ်။ ဒါပေမယ့် အချောထည်နဲ့ အကြမ်းထည်ကို ယှဉ်လိုက်မယ်ဆိုရင် ကျောက်မျက်ရတနာအကြမ်းထည်က ပိုပြီးရောင်းချရတာများတယ်"ဟု ဒေါ်မြင့်သက်နိုင်က ပြောသည်။

**တစိုက်မတ်မတ်လုပ်ဆောင်**

ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း ကျောက်မျက်ရတနာအချောထည် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် တစိုက်မတ်မတ် လုပ်ဆောင်နေကြောင်း သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ »»



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

## ကြေးမုံ

# ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့

လူ့ဘောင်လောကတွင် ပညာသင်ကြားခြင်းနှင့်ပတ်သက်၍ "စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်၊ တစ်စပေါ်လျှင်၊ ချည်စင်သို့၊ သဘင်ပွဲမှောက်၊ ဆိုရေးရောက်က၊ လန့်ကြောက်မရှိ၊ သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွံ့ရှာမဲ့လျှင်း၊ ဆိုခင်းနည်းနာ၊ အဖြာဖြာကို၊ မကြာနှုတ်လျှောက်၊ ခန့်ချင့်ထောက်လော့" ဟု ရှင်မဟာရဋ္ဌသာရ ဆုံးမစာတွင် ဖော်ပြထားသည်။

စာပေသင်ကြား သင်ယူကြသောသူဟူသမျှတို့သည် ပုစွန်ကို ကျွတ်ကျွတ်မြည်အောင် ကြောင်သတ္တဝါက စားသကဲ့သို့လည်းကောင်း၊ သစ်သားကို ခွဲစိတ်သော လွှသွားကဲ့သို့လည်းကောင်း လေ့ကျင့်သင်ကြားကာ လိုအပ်သောအခါ၌ ရလွယ်သိလွယ်အောင် အနက်အဓိပ္ပာယ်နှင့်တကွ ကြံဆောင်မှတ်သား၍ လေ့လာထားရမည်။ သို့မှသာလျှင် မိမိတို့၏လူမှုဘဝ နယ်ပယ်တွင် အကြောင်းရှိ၍ တစ်ခုခုကိုပြုလုပ်ရာ၌လည်းကောင်း၊ အစပြုရာ၌ လည်းကောင်း အလိုရှိရာတို့ပေါ်ထွက်လာကာ ပရိသတ်အလယ်၌ ကြောက်ရွံ့ခြင်းမရှိဘဲ သတိကောင်းစွာဖြင့် မယိမ်းမယိုင်သော ကျောက်စာ တိုင်ကဲ့သို့ အဖြာဖြာတို့၌ ခွဲခြမ်းစိတ်ဖြာ၍ ပြောကြားနိုင်မည့်အတွေးဖြင့် ဖွဲ့ဆိုထားခြင်းဖြစ်သည်။

အခြေခံနုပျိုသေးသော ပညာသင်ကြားသည့် ငယ်ရွယ်သူတို့သည် သူ့ထက်ငါသာအောင် ပညာကို ပြင်းစွာကြိုးပမ်းအားထုတ်ပါလျှင် ပညာ တတ်မြောက်ခြင်းအတွက် ဤသူသည်ကား ပညာတတ်တစ်ယောက်၊ ပညာရှိ တစ်ယောက်ပင်ဖြစ်သည်ဟု မထင်ပေါ်မကျော်စောဘဲ မည်သို့ရှိနိုင်ပါမည်နည်း။ ဖွဲ့ကောင်းကောင်းနှင့် မပြတ်အားထုတ်နေရန်သာ ဖြစ်သည်။ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့၊ ကြောင်သည် ပုစွန်ကို အခြားသော အစာများထက်ကြိုက်သဖြင့် အားရစွာ ကျွတ်ကျွတ်မြည်အောင်စားသကဲ့သို့ ပညာကိုလည်း အားရစွာအဆက်မပြတ် ကြိုးစားသင်ယူခြင်းကို ဆိုလိုသည်။

စာပေပညာသည် လူတိုင်းလူတိုင်း လေ့လာဆည်းပူးထားသင့်သော အရာဖြစ်သည်။ မိမိတို့ဘဝကို မြင့်သည်ထက်မြင့်အောင် တွန်းတင်ထောက် ကန်ပေးနိုင်သောအရာမှာ ပညာဖြစ်သည်။ ပညာကိုဆည်းပူးသည်ဆိုရာ၌ သင်လိုက်၊ မသင်လိုက်၊ ဆည်းပူးလိုက် မဆည်းပူးလိုက်နှင့် ပညာရှာ၍မရပေ။ ပညာကိုတစိုက်မတ်မတ်နှင့် အပတ်တကုတ်ဆည်းပူးမှသာ ပညာပြည့်ဝ၍ နှလုံးလှကာ စဉ်းစားဆင်ခြင်တွေးတောပြောဆိုမှုများ ကြွယ်ဝမည်ဖြစ်သည်။ စာပေပညာကို လေ့လာဆည်းပူးမှတ်သားနာယူကြရာ၌ အစဉ်တစိုက် သွေးနေသော ဓားသည် ထက်သကဲ့သို့၊ အစဉ်တစိုက်မသွေးဘဲ ပစ်ပယ်ထားသော ဓားသည် သံချေးတက်ကာတုံးသကဲ့သို့ စာပေပညာကို တစ်လတာမျှပင် ပစ်ပယ်ထားမိပါက အသိဉာဏ်ပညာများ နုံ့နှေးလျော့ပါးသွားသကဲ့သို့ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် စာပေပညာကို အကြားအလပ် အပြတ်အတောက် မရှိစေဘဲ တစိုက်မတ်မတ် မပြတ်ဆည်းပူးလေ့လာခြင်းဖြင့် မိမိတို့၏ဘဝ၊ မိမိတို့၏ အသိဉာဏ်ကို မြင့်သည်ထက်မြင့်အောင်၊ တိုးသည်ထက်တိုးအောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်ပေသည်။

နည်းပညာ၊ အတတ်ပညာ၊ အသိပညာများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်နေသော မျက်မှောက်ကာလတွင် ကမ္ဘာနှင့်တစ်ဝန်း၊ အချိန်နှင့် တစ်ပြေးညီနောက်ကျမကျန်ရစ်စေဘဲ အလျင်အမြန်တိုးတက်စေရန်အတွက် ပညာကိုဆည်းပူးလေ့လာသင်ယူရာ၌ ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ ဘဝတစ်သက်တာ သင်ယူလေ့လာမှုတိုးတက်လာစေရန် သင်ကြား သင်ယူမှု၊ လေ့ကျင့်မှု၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုမှအစပြု၍ သင်ယူမှု ပတ်ဝန်းကျင်ကောင်းများဖြစ်လာစေရန် ဖန်တီးပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ အလျင်အမြန်တိုးတက်နေသောကာလတွင် ပညာကို ဆည်းပူးလေ့လာသင်ယူရာ၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့ တစိုက်မတ်မတ် လေ့လာကြံဆောင် အားထုတ်နိုင်မှ တန်ကာကြမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရေစကြိုမြို့နယ် ချစ်သူကျေးရွာနှင့် ညောင်ပင်ကျေးရွာ ကူးတို့ဆိပ် ဒီပသရဖူ ဇက်ရေယာဉ်ဆိပ်ကမ်းနှင့် ကျေးလက်ကုန်ထုတ်လမ်းဖွင့်



နေပြည်တော် ဇန်နဝါရီ ၇

ရေစကြိုမြို့နယ် ချစ်သူကျေးရွာနှင့် ညောင်ပင်ကျေးရွာ ကူးတို့ဆိပ် ဒီပသရဖူဇက်ရေယာဉ် ဆိပ်ကမ်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ချစ်သူကျေးရွာဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီပသရဖူ ဇက်ရေယာဉ်ဆိပ်ကမ်း ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်တေဇနိယ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နယူးဇီလန်သံရုံးနှင့် ဂျာမန်သံရုံးတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်နှင့် ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ မှ ကိုယ်စားလှယ်များ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒီပသရဖူ ဇက်ရေယာဉ်ဆိပ်ကမ်း ဖြစ်မြောက်ရေး ကော်မတီမှ တာဝန်ရှိသူက ကူးတို့ဆိပ် ဆောင်ရွက်ရခြင်း၊ ဇက်ရေယာဉ် ပြေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဇက်ရေယာဉ်စီးနင်းခွင့်လက်မှတ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒီပသရဖူဇက်ရေယာဉ် ဆိပ်ကမ်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင် တေဇနိယနှင့် တာဝန်ရှိသူများက ဇက်ရေယာဉ်ဆိပ်ကမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပသရဖူ (၁)၊ ဒီပသရဖူ (၂) ဇက်ရေယာဉ်များဖြင့် ချစ်သူကျေးရွာမှ ညောင်ပင်ကျေးရွာသို့ လိုက်ပါစီးနင်းကြပြီး အလယ်ကျွန်းကျေးရွာများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးကြသည်။

ရောဝတီမြစ်နှင့် ချင်းတွင်းမြစ် နှစ်သွယ်အကြား အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများသည် ရေစကြိုမြို့နှင့် ကူးလူးသွားလာရာတွင် ခက်ခဲမှုများ ကြုံတွေ့နေကြရမှုကို ကူညီဖြေရှင်းပေးနိုင်ရန် ဆရာတော် ဒေါက်တာ အရှင်တေဇနိယနှင့် စေတနာရှင်များက ကူးတို့ဆိပ်နှင့် ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ယခုအခါ ဇက်ရေယာဉ် ပြေးဆွဲပေးနိုင်ခဲ့သဖြင့် အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများ၏ လယ်ယာထွက်ကုန်များ၊ လယ်ယာသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ သယ်ပို့မှု အဆင်ပြေ ချောမွေ့လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးများ ပိုမိုကောင်းမွန်လာစေမည် ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ကျွန်းပေါ်ရှိ ကျေးရွာနေပြည်သူများ အသုံးပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ညောင်ပင်-တဲရော် ကျေးလက်ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ခဲ့ရခြင်းနှင့် မကွေးတိုင်း ဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ပြီးသော စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ညောင်ပင်-တဲရော် ကျေးလက်ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသနေတောင်သူများ စိုက်ပျိုးထားသည့် မြေပဲ၊ ကုလားပဲ၊ နေကြာနှင့် ဆောင်းသီးနှံစိုက်ခင်းများကို ကြည့်ရှုကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝသောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် နည်းပညာဖြန့်ဝေပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်ချမ်းသာဓမ္မဗိမာန်တွင် အလယ်ကျွန်းပေါ်ရှိ ကျေးရွာများ၌ သီတင်းသုံးတော်မူလျက် ရှိကြသည့် သံဃာတော်များအား သင်္ကန်းနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ် လှူဒါန်းကြသည်။

ညောင်ပင်-တဲရော် ကျေးလက်ကုန်ထုတ်လမ်းသည် ရေစကြိုအလယ်ကျွန်းပေါ်ရှိ စိုက်ပျိုးမြေဧက ၅၃၆၃ ဧက၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကျေးရွာ ၁၂ ရွာမှ အိမ်ထောင်စု ၉၃၇၇ စုကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၁,၇၇၂ | ၂၀,၁၂၅,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၆,၂၄၅ | ၂၃,၉၆၅,၂၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၆၁ | ၅၀၀,၂၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁ | ၂၃,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၃,၀၂၉ | ၈,၇၆၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၇

ရန်ကုန်(ရွှေဈေး) ၁၂၁၇၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၇၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၅ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၅၀/၁၀၀၀ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၀/၁၀၀၀ ကျပ် | ၉၉၅/၁၀၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၄.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၅၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၇.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၉၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၉.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၆၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၁.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၆.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

## နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာဒေဗီဘန်ဒါရီ ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း ဆက်လက်တိုးတက် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကေ၊ ပီ၊ ရှာမာအိုလီ ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါအစိုးရနှင့် နီပေါပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများကို လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း တိုးတက်သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

## တူရကီသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တူရကီသမ္မတနိုင်ငံ သမ္မတ ရီဆက်တေယစ်အာဒိုဂန်ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း တူရကီနိုင်ငံကိုယ်စား မိမိမှ နှုတ်ခွန်းဆက်သလိုက်ပါသည်။

အနာဂတ်ကာလတွင် တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေး၊ အမျိုးသားသဟဇာတဖြစ်မှု တိုးမြှင့်လာစေရေးနှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောစေရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် တူရကီနိုင်ငံမှ ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း မိမိအနေဖြင့် အလေးအနက်ထား ဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောရေးအတွက် ထပ်လောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် အင်မရန်ခမ်း ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိမှ ဝမ်းမြောက်ဂုဏ်ယူစွာ လှိုက်လှိုက်လှဲလှဲ နှုတ်ခွန်းဆက်သအပ်ပါသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် တန်ဖိုးထားပါကြောင်းနှင့် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံအကြား ရှည်လျားသည့် သမိုင်းကြောင်း ရှိခဲ့ပါသည်။ အနာဂတ်တွင်လည်း ပါကစ္စတန်-မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ဆက်လက်တိုးတက် ကြွယ်ဝချမ်းသာပါစေကြောင်း မိမိမှ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စတုတ္ထအကြိမ်သို့ရောက်ရှိပြီ**

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတို့အဖွဲ့ကို တာဝန်စတင်ပေးကတည်းကပင် အစည်းအဝေး ကျင်းပလာခဲ့သည်မှာ စတုတ္ထအကြိမ်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ဒုတိယအကြိမ်ကို နိုဝင်ဘာ ၈ ရက်နှင့် တတိယအကြိမ်ကို နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးများတွင် စာအုပ်အရွယ်အစားနှင့် စာအုပ်ထွက်ရှိလာမည့်အချိန်ကို သတ်မှတ်ဆုံးဖြတ်ခဲ့ကြကြောင်း၊ ထို့ပြင် ပထမဆုံး မြန်မာဘာသာဖြင့် ဦးစွာထုတ်ပြန်ပြီးမှသာ အင်္ဂလိပ်ဘာသာပြန် ထုတ်ပြန်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြကြောင်း။

အဓိကဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် အဖွဲ့အစည်းများထံမှ ရရှိထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများ မှန်ကန်မှုရှိ၊ မရှိ ကို တာဝန်ယူစစ်ဆေးပေးပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ရန်အတွက် စာတည်းပိုင်းဆိုင်ရာလုပ်ငန်းများ၊ Layout Design များနှင့် Protocol ဆိုင်ရာညီညွတ်မှုရှိ၊ မရှိ ဆန်းစစ်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပွင့်လင်းစွာ သဘောထားများ တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာရေးသားရေး အဖွဲ့ဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နှစ်ပတ်လည် အစီရင်ခံစာအတွက် သတင်းအချက်အလက်ပေးပို့ခဲ့သည့် စာရင်းနှင့် ပေးပို့ရန်ကျန်ရှိသည့် စာရင်းအခြေအနေ၊ ဝန်ကြီးဌာနများမှ နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းမည့် အချက်အလက်ပေးပို့မှု အခြေအနေ၊ နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် နှစ်ပတ်လည်အစီရင်ခံစာ ရေးသားထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**






# တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းတစ်ကျွန်းလျှင် ဟိုတယ်တစ်လုံးသာ တည်ဆောက်ခွင့်ပြုရန်ကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဈေးကွက်ခိုင်မာသော ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်သင့်**

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း သာယာလှပသော ကျွန်းများ တည်ရှိကြောင်း၊ ကျွန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းရှင်များအနေနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသခံဆလုံလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ကျွန်းများ၌ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဈေးကွက်ခိုင်မာသော ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်သင့်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပြီး တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများသည် သဘာဝအတိုင်းရှိနေဆဲဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာကြီးအတွက်ပါ သဘာဝအမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းလိုသည့်ဆန္ဒ (Desire)၊ ဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှုစွမ်းရည်(Skill) သုံးခုပေါင်းစပ်၍ ချင့်ချိန်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ယခုကဲ့သို့ ခရီးစဉ်ဒေသမရှိတော့ပါကြောင်း၊ ကျွန်းစုများတွင် သဘာဝအတိုင်းရှိခြင်း၊ သန္တာကျောက်တန်းများရှင်သန်မှုရှိခြင်း၊ သဘာဝမျိုးကွဲမျိုးစိတ်များ၊ ရေနေသတ္တဝါများ ပေါများစွာတည်ရှိနေခြင်းတို့ကြောင့် ရေရှည်အတွက်ရည်ရွယ်ချက်ထား ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျွန်းတစ်ခုချင်း၏ သဘာဝအကျယ်အဝန်း အနေအထားပေါ်ကြည့်ရှုသုံးသပ် ဆောင်ရွက်သင့်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းများခရီးစဉ်အတွက်စီမံကိန်း (Master plan) ရေးဆွဲဆောင်ရွက်သင့်ပြီး မြိတ်ကျွန်းစု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး (Master plan) အား သက်ဆိုင်ရာဌာနများပါဝင်မှုဖြင့် ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ လက်ရှိခွင့်ပြုထားပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများအပေါ်တွင်လည်း ပြန်လည်စိစစ်သုံးသပ် (Monitor)လုပ်သင့်ပါကြောင်း၊ ခရီးစဉ်ဒေသရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးစားပေးကာ သတိပြုဆောင်ရွက်သင့်ပါကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ကျွန်းများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစိစစ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှု "Toursim For All" ဟူသော ဆောင်ပုဒ်နှင့်အညီ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ အလုပ်အကိုင်တိုးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပုလဲမွေးမြူရေးလုပ်ကွက်များ ခွင့်ပြုဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ်းခြေဒေသများနှင့် ကျွန်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျွန်းများတွင်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို အကြံပြု ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းစုံ ကဏ္ဍ

### စေတနာရှင် အလှူရှင်များ၊ ခုနစ်ရက်သားသမီးများ စုပေါင်း၍ နှစ်ဦးတရားပွဲ ကျင်းပမည်

ဉာဏကရုဏာရှင် လူမှုကူညီရေးအဖွဲ့မှကြီးမှူးပြီး စေတနာရှင် အလှူရှင်များ၊ ခုနစ်ရက်သားသမီးများ စုပေါင်း၍ ၂၀၂၀ ပြည့်နှစ် ပထမအကြိမ် နှစ်ဦးတရားပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ညစဉ် ၇ နာရီမှ စတင်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း (ဘောလုံးကွင်း)၌ ကျင်းပသွားမည်ဖြစ်သည်။

တရားပွဲများကို ဇန်နဝါရီ ၁၀ ရက်တွင် ဆရာတော်အရှင် ကိတ္တိသာရဂန္ထဝါစက ပဏ္ဍိတ သာသနဓဇဓမ္မာစရိယကလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် ဘဒ္ဒန္တသုဇနအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇဓမ္မာစရိယကလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် မြနန်းဆရာတော်အရှင်သဒ္ဓမ္မ ဓမ္မကထိကကလည်းကောင်း တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။


**ညီညီသန်း(နေပြည်တော်)**


### စာရေးနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ် (၁၀) ဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ဘာသာပြန်ရေးသားနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ် (၁၀) ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင် (ဓနုဖြူ)၊ မနုသကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး (လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)၊ ပုသိမ်အောင်သန်းဦး၊ စိုးမှူးတို့က သင်ကြားပို့ချကြမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်သင်တန်းကြေးပေးသွင်းရမည်။ အသက် ၁၆ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေး ဆရာ အသင်းရုံးအမှတ် (၁၇၃/၁၇၅) (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁ -၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင်စုံစမ်းနိုင်သည်။ ဇန်နဝါရီ ၂၅ ရက်နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူ တင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသောရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်သည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**



# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေး**

ရှေးဦးစွာပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို KG+12 စနစ်သစ်ပညာရေးသင်ရိုးညွှန်းတမ်းဖြင့် ၂၀၁၆ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်တွင် အားလုံးပြီးစီးမည် ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် KG+12 ပညာရေးစနစ်သစ်ဖြင့် အခြေခံ ပညာရေးမှ အဆင့်မြင့်ပညာရေးသို့ ကူးပြောင်းကြမည့် ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာတက္ကသိုလ်များနှင့် ဆက်စပ်ဝန်ကြီးဌာနရှိ တက္ကသိုလ်များအနေဖြင့် စနစ်သစ်သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေဖြစ်မည့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေးကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ပညာရပ်နယ်ပယ်နှင့် ပညာရှင်များ ပိုမိုပြည့်စုံကျယ်ပြန့်စွာ ပါဝင်နိုင်ပြီး ပညာရပ်အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြုသုတေသန လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် သုတေသနညီလာခံများ နှစ်စဉ်ဆက်လက် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

**အရည်အသွေးရှိသော ဘွဲ့ရမောင်မယ်များ မွေးထုတ်ပေးနိုင်ရေး**

တက္ကသိုလ်များတွင် Digitalization လုပ်ငန်းစဉ်အောင်မြင်စေရေးနှင့် လုပ်ငန်းများ ပိုမိုမြန်ဆန်ပြီး ထိရောက်မှန်ကန်စေရေးဆောင်ရွက်ရန် လိုပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်မားရေးအတွက် ၂၀၂၀ ဒီဇင်ဘာလမှစတင်၍ လေးနှစ်သင်ပညာရေးအထူးပြုဘွဲ့သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသနှင့်လိုက်လျောညီထွေသည့် ဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် သုတေသန လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် လိုပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အပါအဝင် ဦးစားပေးလုပ်ငန်း(၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အဆင့်မြင့်ပညာရေးမှ အရည်အသွေးရှိသော ဘွဲ့ရမောင်မယ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက တက္ကသိုလ်များ အရည်အသွေးပြည့်ဝ၍ တိုးတက်ရေးအားပေးကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် စာမေးပွဲစနစ်များ နိုင်ငံတကာအဆင့်မီတိုးတက်အောင်ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်များစာကြည့်တိုက်ကို ထိထိရောက်ရောက်အသုံးချဆောင်ရွက်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က အဆင့်မြင့်ပညာရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲမှ ဆွေးနွေးရရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်စီစဉ်နေမှု အခြေအနေများကိုလည်းကောင်း၊ ပါမောက္ခချုပ်များကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆင့်စိုးက လွတ်လပ်စွာရပ်တည်သောတက္ကသိုလ်များအဖြစ် ထူထောင်နိုင်ရန်အတွက် တက္ကသိုလ်အလိုက် ကြိုတင်လုပ်ငန်းစဉ်များနှင့် ပါမောက္ခချုပ်များကော်မတီက ကူညီဆောင်ရွက်ပေးမည့် အထောက်အကူပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က National Qualification Framework နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်၊ Good Practice Guidelines for University Governance and Management တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က တက္ကသိုလ်များတွင် e-payment system နှင့် Digitalization လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများ စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်မည့်အစီအစဉ်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံး၏ နှစ်စဉ် Data Renew လုပ်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက အဆင့်မြင့်ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါ်တူဂီနိုင်ငံမှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့၌ လှည့်လည်ရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၇**

ပေါ်တူဂီနိုင်ငံအခြေစိုက် Vende-se Films မှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများ၊ ရှေးဟောင်းအမွေအနှစ်အဆောက်အဦများ၊ ရိုးရာယဉ်ကျေးမှုများကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်ထိ ရိုက်ကူးခဲ့သည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပုံ၊ ရန်ကုန်-ဒလဆိပ်ကမ်းနှင့် ရန်ကုန်မြစ်အတွင်း သင်္ဘောများသွားလာနေပုံ၊ ပန်းဆိုးတန်းလမ်းနှင့် အနီးတစ်ဝိုက်ရှိ ကိုလိုနီခေတ်အဆောက်အဦများ၊ ရန်ကုန်ဘူတာကြီးတွင် ပြည်သူများသွားလာနေပုံနှင့် မီးရထားလမ်းတစ်လျှောက် မြင်ကွင်းများ၊ ရွှေတိဂုံစေတီတော်တွင် ပြည်သူများ ဘုရားဖူးလာရောက်ကြပုံ၊ ကရဝိက်နန်းတော်နှင့် ၎င်းတွင် မြန်မာ့ရိုးရာဆင်အကနှင့် ရုပ်သေးအနုပညာရှင် ဦးထွေးဦး၏ ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်နေပုံကို ရိုက်ကူးခဲ့သည်။

ထိုသို့ ရိုက်ကူးထားမှုများကို “The journey” မှတ်တမ်းရုပ်ရှင်အဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စန်း(FDC)**



သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက်တွင် လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲပြုလုပ်နေမှုကို မှတ်တမ်းရိုက်ကူးစဉ်။



နေပြည်တော် ဟိုတယ်ဇုန်(၁)အနီးတွင် မှတ်တမ်းရိုက်ကူးစဉ်။

## တရုတ်နိုင်ငံ(CCTV)မှ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၇**

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ်(၇၀) ပြည့် အထိမ်းအမှတ်တင်ဆက်နိုင်ရန် တရုတ်နိုင်ငံ (China Central Television-CCTV)မှ မှတ်တမ်းရိုက်ကူးရေးအဖွဲ့သည် ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် ဇန်နဝါရီ ၅ ရက်မှ စတင်ရိုက်ကူးလျက်ရှိသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ရှိ ရွှေတိဂုံ၊ ဆူးလေနှင့် ဗိုလ်တထောင်စေတီတော်၊ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေး အထိမ်းအမှတ်ကျောက်တိုင်တို့အားလည်းကောင်း၊ ဇန်နဝါရီ ၆ ရက်က နေပြည်တော်ကောင်စီနယ်မြေရှိ ဟိုတယ် ဇုန်(၁) တွင်လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ၊ ပုပ္ပားတောင်နှင့် မန္တလေးမြို့ရှိ နန်းတော်နှင့် မန္တလေးတောင်တို့တွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ ရိုက်ကူးထားမှုများကို (CCTV) ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဦး(FDC)**

»»» ရှေ့ဖုံးမှ

ထို့ပြင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှလည်း မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျောက်မျက်ရတနာများ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ ကမ္ဘာ့ဈေးကွက်တွင် ထိုက်တန်စွာ နေရာရရှိရေး၊ မြန်မာနိုင်ငံတွင် ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းတိုးတက်လာစေရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ့ကျောက်မျက်ရတနာများကို အရိုင်းကုန်ကြမ်းဈေးကွက်အဖြစ် သက်သက်ရောင်းချခြင်းမဟုတ်ဘဲ အချောထည်များ ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုသူ လူတန်းစားပေါင်းစုံအား(ကျောက်သွေး၊ ကျောက်ဖြတ်၊ ကျောက်မျက်အရောင်တင်ခြင်း၊ ပန်းတိမ်ပညာ၊ ကျောက်ပန်းချီ) အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲ-၂၀၂၀ ကို ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel တွင် ယခုလ ၁၀ ရက်မှ ၁၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာဈေးကွက်ရရှိရန် နိုင်ငံခြားသားဝယ်ယူသူများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ညွန့်ညွန့်ခိုင်က ပြောသည်။

"ကျွန်မတို့က ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်တဲ့အခါမှာ ရတနာလုပ်ငန်းလုပ်ကိုင်သူတွေဟာ ရတနာခွန်ကို ငါးရာခိုင်နှုန်း၊ ပြီးရင် လာရောက်ဝယ်ယူသူတွေဆီကနေ သွယ်ဝိုက်သောနည်းနဲ့ တောင်းခံပေးရတဲ့ ကုန်သွယ်လုပ်ငန်းခွန်က ငါးရာခိုင်နှုန်း စုစုပေါင်း ၁၀ ရာခိုင်နှုန်း ရှိပါတယ်။ အခုပွဲမှာက International Market ကိုရဖို့ ရည်ညွှန်းတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ နိုင်ငံခြားသားဝယ်ယူသူတွေကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးလိုက်ပါတယ်။ အဲဒီတော့ ကျွန်မတို့က သွယ်ဝိုက်သောနည်းနဲ့ သူတို့ကို တောင်းပေးဖို့ မလိုတော့ဘူး။ ကျွန်မတို့ ရောင်းရတဲ့အပေါ်မှာပဲ ရတနာခွန်ကို ဆောင်ရုံပဲဆိုတော့ နိုင်ငံခြားသားတွေကို Tax Free ဖြစ်ပါတယ်၊ Duty Free ဖြစ်ပါတယ်"ဟု ဒေါ်ညွန့်ညွန့်ခိုင်က ပြောပြသွားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ကျုပ်တို့အသည်းစွဲ အလွဲများစွာ

ကောင်းမြတ်နွယ် (စင်ကာပူ)

"ခင်ဗျားဗျာ...လူတွေမှာ စီးပွားရေးကျဆင်းလို့အဆင်မပြေရတဲ့အထဲ ကျန်းမာရေးအကြောင်း နောက်မှပြောပါ"

"ဩော်...အာရောဂျံပရမံလာဘာံ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဆေးရုံဆေးခန်းသွားဆေးကုရရင် ငွေကုန်မယ်၊ စိတ်ဆင်းရဲရမယ် မဟုတ်လား"

"ကျုပ်ကတော့ သေသော်မှတည့် ဩော်ကောင်း၏ လို့ မြည်တမ်းထားတာဗျ။ ခင်ဗျားက ဆေးဝါးနဲ့ကျန်းမာရေးအကြောင်း နည်းနည်းပါးပါး နားလည်တယ်ဆိုပြီး သွေးနားထင်ရောက် လျှောက်ပြောနေတာ။ ကျွန်တော့်တူမလေးတွေဆိုရင် လခတစ်သိန်းလောက်ရတဲ့ အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်နေရတာ။ ဘယ်မှာ ခင်ဗျားတို့လို ဟင်းတစ်ပွဲ ကျပ် ၅၀၀၀၊ ၁၀၀၀၀နဲ့ ရက်စတောရင့်လိုဆိုင်တွေမှာ ဘယ်စားနိုင်မလဲဗျာ။ လမ်းဘေးထမင်းဆိုင်က ဟင်းတစ်ထုပ်နှစ်ရာ၊ ငါးပိရည်တို့စရာ ကျပ် ၅၀တန်၊ ၁၀၀တန်နဲ့ပဲ ဘဝကိုကျေနပ်အသက်ဆက်နေရတာ။ ဘယ်မှာ သန့်ရှင်းသန့်ပြန့်စွာရောင်းတာ ဝယ်စားနိုင်ပါ့မလဲ"

"အဲဒါပြောတာပေါ့။ ကျွန်တော်သိပ်စားချင်လွန်းလို့ မျိုသိပ်မရ သွားဝယ်စားမိတဲ့ ကောက်ညှင်းပေါင်းသည်နဲ့ ကျွန်တော်နဲ့ ငြိရောဗျို့"

"ဆိုစမ်းပါဦး"

"အဒေါ်ကြီးက လက်အိတ်မပါ၊ လက်ဗလာနဲ့ ကောက်ညှင်းပေါင်းကိုနှိုက်တယ်။ စက္ကူပေါ်မှာ ဖြန့်နေသေးတယ်ဗျာ၊ များတယ်လို့ ထင်ရအောင်။ အုန်းသီးမှုန့်နဲ့ နှမ်းထောင်းကိုဖြူးပေးတယ်။ ဒီလက်နဲ့ပဲ ရွှဲပလဲနေတဲ့ တစ်ရာတန်၊ နှစ်ရာတန် ငွေစက္ကူတွေကိုင်ပြီး အမ်းရသေးတယ်။ ကောက်ညှင်းလေးနဲ့ဆိုတော့ ပိုက်ဆံအမ်းတဲ့အခါ တံတွေးလေး မဆွတ်သေးတာပဲ ကံကောင်း"

" ဩော်... ခင်ဗျားက ဒါပဲမြင်တာကိုး။ ဒီလက်နဲ့ပဲ နှပ်ညှစ်၊ ချွေးသုတ်လုပ်သေးတာ။ ဒါတွေမမြင်ဘူး မဟုတ်လား။ လမ်းဘေးမုန့်သည် ဘယ်မှာလက်ဆေးရေရှိပါ့မလဲ"

" အမယ်မင်း... ခင်ဗျားပြောမှ ပိုဆိုးတော့သဗျာ"

" လက်ဖက်ရည်ဆိုင်ထိုင်တော့လည်း ခုနောက်ပိုင်း စနစ်တကျဖွင့်လာတဲ့ လက်ဖက်ရည်ဆိုင်ကြီးတွေကလွဲရင် ဆိုင်လေးတွေမှာ လက်ဖက်ရည်ပန်းကန်တွေ၊ အကြမ်းပန်းကန်တွေကို ပြောင်အောင်မဆေးလို့ ပန်းကန်နှုတ်ခမ်းမှာ ကွမ်းတံတွေးချေးတက်နေတာ တွေ့ရပါသဗျာ။ ဒါကြောင့် တီဘီတို့၊ ဘီပိုးနဲ့ စီပိုးတွေ ကူးစက်မှုရာခိုင်နှုန်း တက်လာတာလည်းဖြစ်ပါတယ်"

" ဒီမှာ ဆရာ။ စီပိုးအကြောင်းသွားမပြောနဲ့။ စီပိုးက သွေးနဲ့လိင်ဆက်ဆံမှုကြောင့်သာရတာလို့ ကျန်းမာရေး ပညာပေးတွေမှာ ပါနေတာပဲ"

"ဘီပိုး၊ တီဘီပိုးဆိုတာက တယ်ကူးစက်ဖို့လွယ်တာ၊ တီဘီရောဂါပိုးက စကားပြောလို့ဖိတ်စဉ်တဲ့ တံတွေးစက်

ကျွန်တော်တို့ တိုင်းပြည်မှာက ခန္တီပါရမီကြီးတော့ သေတာတောင် ကံကြောင့်လို့ ဖြေနိုင်ကြတဲ့ တိုင်းပြည်ပါ။ ဒါတွေ အခွင့်ကောင်းယူပြီး သန့်ရှင်းသန့်ပြန့်မှုအတွက် အားမထုတ်ကြဘူး။ ဖြစ်လာရင်လည်း တိုင်ရတောရမှန်း မသိကြဘူး



လေးကတောင် ကူးစက်နိုင်တာဆိုတော့ တီဘီရောဂါရှိတဲ့သူက အစားအသောက်မရောင်းသင့်ဘူး"

" စင်ကာပူနိုင်ငံမှာတော့ အစားအသောက်ရောင်းမယ်ဆိုတာနဲ့ လိုင်စင်လျှောက်ရတယ်။ ဆေးစစ်ခံရတယ်။ ရောင်းချမယ့်သူ၊ အစားအစာပြင်ဆင်ချက်ပြုတ်သူတွေဟာ တစ်နေ့တာသင်တန်း (အစားအစာသန့်ရှင်းမှု သင်တန်း) တက်ရပါတယ်။ သင်တန်းပြီးတာနဲ့ စာမေးပွဲဖြေခိုင်းပါတယ်"

" ဟာ... ဒါဆိုပညာအခြေခံနည်းရှာတဲ့ လမ်းဘေးဈေးသည်တွေအတွက် အခက်ပေါ့"

" မေးခွန်းတွေက သိသင့်သိထိုက်တဲ့ လွယ်လွယ်အမှား၊ အမှန်မေးခွန်းလေးတွေပါ။ အခြေခံအယူအဆလေးတွေပါ။ ဘာမှမသိဘဲ လွယ်လွယ်လုပ်ချင်ရာ မလုပ်အောင်ပေါ့ "

" ဗဟုသုတရအောင် ပြောပြပါလားဗျာ"

" အသားတွေကို ရေခဲခန်း၊ အသီးအရွက်တွေကို အေးမြတဲ့အခန်းမှာ သိုလှောင်ပြီး လတ်ဆတ်အောင်ထားရပါတယ်။ အသားတွေကို ဖရီဇာထဲမှာ အေးခဲသိမ်းထားခြင်းအားဖြင့် ပါရာဆိုက်တွေကိုတောင် သေစေနိုင်တယ်။ စားဖို့ပြင်ဆင်ပြီဆိုရင် ပလတ်စတစ်လက်အိတ်နဲ့ ကိုင်ရမယ်။ လိုအပ်ရင် နှာခေါင်းစည်း တပ်ရမယ်။ ဆူရှီလို သားစိမ်းငါးစိမ်း အစားအစာ ပြင်ဆင်သူတွေအနေနဲ့ နှာခေါင်းစည်းလိုပါတယ် "

" ပုံမှန်အမှိုက်သိမ်းရမယ်၊ လုပ်ငန်းပြီးတာနဲ့ အမှိုက်စွန့်ပစ်ရမယ်။ စားကြွင်းစားကျန်တွေကြောင့် ပေါက်ပွားမယ့် ယင်၊ ပိုးဟပ်၊ ကြွက်တွေကို ကြိုတင်ကာကွယ်တာပါ။ ဒီအကောင်တွေကြောင့် ရောဂါရတာ လူတိုင်းအသိ မဟုတ်လားဗျာ။ အစားအစာမှာ ဗက်တီးရီးယားပါဝင်မှု၊ တဆေးမှိုပေါက်နေမှု၊ အီးကိုလိုင်လို့ခေါ်တဲ့ ဗိုက်နာဝမ်းသွား ဖျားနာမှုကို ဖြစ်စေနိုင်တဲ့ ပိုးမွှားပါဝင်မှုအပြင် စတက်ဖလိုကိုးကပ်နဲ့ စတက်ဖတိုကိုးကပ်ပိုးမွှားတွေ မပေါက်အောင်ထိန်းချုပ်ရပါတယ်ခင်ဗျ "

" ဟုတ်တယ်လေ။ ခြင်ကတောထဲမှာ ငှက်ဖျား၊ မြို့ပြမှာ သွေးလွန်တုပ်ကွေးအပြင် တခြားသွေးကြောင့် ကူးစက်တဲ့ ရောဂါတွေဖြန့်ဝေပေးတယ်။ ကြွက်ကြောင့် ပလိပ်ရောဂါလို ရောဂါတွေဖြစ်တယ် မဟုတ်လား "

" မကြာသေးမီ သုံး၊ လေးနှစ်လောက်က စင်ကာပူက မလေးလူမျိုးတွေ အများစုနေထိုင်ရာ လော်ရောင်းစီရိုင်းဈေးမှာ အိန္ဒိယရိုဂျတ်စားသုံးသူနှစ်ဦး သေဆုံးပြီး လူတချို့ဆေးရုံတက်ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်"

"အိန္ဒိယရိုဂျတ်ဆိုတာဘာလဲ။ အစားအသောက်နဲ့ တိုက်ရိုက်ကြီးဆိုင်တာလား"

"ကြက်အူချောင်း၊ အားလူးပြုတ်၊ ရိုးမွှားကြော်၊ ပုစွန်ခွက်ကြော်၊ အမဲသားပြား၊ ကြက်သွန်နီ၊ ငရုတ်သီးပွတောင့်၊ ပဲပြားကြော်၊ ငရုတ်ဆီ၊ မြေပဲထောင်း အချိုရည်တို့နဲ့တို့စားတဲ့ အစားအစာဖြစ်ပါတယ်ဗျာ။ လူကြိုက်များတယ်"

" ဆက်ပြောပါဦးဗျာ"

"ရိုဂျတ်စားပြီး အစာအဆိပ်ဖြစ်တယ် သတင်းရတာနဲ့ နိုင်ငံတော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ဆိုင်ကိုချက်ချင်းပိတ်ခိုင်းပြီး စစ်ဆေးမှုတွေပြုပါတယ်။ တို့စားရမယ့် အချဉ်အချိုရည်ထဲကို မြေကြွက်ကျသေတာတွေ့ရပါတယ်။ ဆိုင်ရှင်ဟာလိုင်စင်ပိတ်ခံရပြီး လျော်ကြေးငွေများစွာပေးလိုက်ရပါတယ်။ အစိုးရက တရားစွဲဆိုတာဖြစ်ပြီး လူတွေတန်းစီဝယ်ရတဲ့ စားသောက်ဆိုင်ဟာ အချိန်ပိုင်းအတွင်း လိုင်စင်ပိတ်သိမ်းခံခဲ့ရပါတယ်"

" ကျွန်တော်တို့ တိုင်းပြည်မှာက ခန္တီပါရမီကြီးတော့ သေတာတောင်ကံကြောင့်လို့ ဖြေနိုင်ကြတဲ့ တိုင်းပြည်ပါ။ ဒါတွေအခွင့်ကောင်းယူပြီး သန့်ရှင်းသန့်ပြန့်မှုအတွက် အားမထုတ်ကြဘူး။ ဖြစ်လာရင်လည်း တိုင်ရတောရမှန်း မသိကြဘူး"

"ဆန်ထဲ၊ နှမ်းထဲမှာ သဲတွေ၊ ခဲတွေပါတာ၊ မုန့်ဟင်းခါးဖက်ထဲ ရှို့တုံးပါတာ။ ပေါင်မုန့်ထဲ အိမ်မြှောင်အကောင်လိုက်ထည့်ဖုတ်ထားတာ၊ မုန့်ဟင်းခါးဟင်းရည်ထဲ ပိုးဟပ်ပါတာတွေကတော့ စားသုံးသူတွေအဖို့ ရိုး... ဟိုး... ဟိုး နေပါပြီ။ အစာထဲဆံပင်မွှေးပါရင် ဖယ်စားတတ်နေကြပါပြီဗျာ။ စားသုံးသူတွေက ဖြစ်ရိုးဖြစ်စဉ်လို့ မှတ်ထားကြပြီ"

"ကျုပ်ဆို မုန့်ဟင်းခါးပန်းကန်ထဲ ဆံပင်မွှေးပါလာလို့ ဆိုင်ရှင်သွားပြောတာ "

"အသစ်လဲပေးလိုက်သလား"

"စားချင်ရင်စား၊ မစားချင်ရင်ထားခဲ့လို့ ပြောလို့ ထားပြန်ခဲ့ရတယ်"

"ဒါဘာဟုတ်ဦးမလဲဗျာ၊ ကျွန်တော်မြောက်ဥက္ကလာ မဟာကျိန်သစ္စာရှင်ဘုရားကြီးနားမှာနေတုန်းက အိမ်နားရှိတဲ့ လက်ဖက်ရည်ဆိုင်ကြီးမှာ လက်ဖက်ရည်သွားသောက်ပါတယ်။ ဝက်သားပေါင်းထဲမှာ အိုးတိုက်တဲ့ သံမဏိမျှင်ကြီးပါလာတယ်။ ဘယ်သိပ့ါမလဲဗျာ၊ ဝါးရင်းဝါးရင်းနဲ့ တစ်လက်မလောက်က ဘာမှန်းမသိတော့ မျိုချပြီးပြီ၊ ကျန်တဲ့အပိုင်းဆွဲထုတ်လိုက်တော့မှ တစ်လက်မကျော်ကျော် သံမဏိမျှင်မှန်းသိတာကိုး။ စားပွဲထိုးလေးတွေခေါ်ပြတော့ အူတူတူနဲ့ ပျောက်ကုန်ရော။ ဆိုင်ရှင်ကိုသွားပြတော့ ဆိုင်ရှင်က တောင်းပန်ခြင်း၊ ဖြေရှင်းခြင်း၊ နောက်နောင် ဒီလိုမဖြစ်ရအောင် ဘာလုပ်ရမယ်ဆိုတာ စူးစမ်းခြင်းမရှိ၊ ဆိုင်နောက်က အိမ်ခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားပါရော"

" စားသောက်ဆိုင် ဟော့ကာစင်တာတွေကို မြို့နယ်ကောင်စီက တာဝန်ခံစစ်ဆေးပေးတယ်။ စင်ကာပူမှာ"

"အဲဒီစစ်ဆေးရေးအဖွဲ့ကို ထပ်ဆင့်စစ်ဆေးရေးထားရတယ်။ စင်ကာပူမှာတော့ အဲဒီစစ်ဆေးရေးအဖွဲ့ တကယ်အလုပ် လုပ်၊ မလုပ်၊ လာဘ်စား၊ မစား နောက်ကလိုက်စစ်တာတွေထားတယ်"

"ရင်မောစရာပါလားဗျာ။ ကုရာနတ္ထိဆေးမရှိတော့ဘူးလား။ တိုင်းပြည်ရဲ့အုပ်ချုပ်မှုယန္တရား ချောမွေ့စေချင်ရင် ရှိရင်းစွဲအလွဲတွေ ကုသနိုင်မည့်နည်းလမ်းတွေ ရှာကြရမယ်"

" နောက်တစ်ခု လူတွေ လမ်းသွားရင်း သလိပ်ဟပ်တာ အော်ကြီးဟစ်ကျယ်ဟပ်၊ တံတွေးကို ကြံသလိုဖွီခနဲ၊ ထွီခနဲ ထွေးချတဲ့ အသည်းစွဲအကျင့်ပါဗျာ"

"ဒါ... အပြစ်လား"

"ဟုတ်ပါတယ်။ ဒါအပြစ်ပါ။ မြန်မာတွေ တီဘီလိုမျိုး ကူးစက်ရောဂါတွေ တိုးပွားနေရခြင်းအကြောင်းရင်းက ဒါလည်းပါတယ်"

"ဟိုက်... ကျွန်တော်တို့သိပ်သတိမထားမိဘူး"

"ဟိုးတုန်းကတော့ ပြည်သူ့နီတိမှာသင်တယ်။ ခုတော့ပြည်သူ့နီတိဆိုတာ ဘာမှန်းတောင်မသိတော့ဘူး။ ကြုံရာမှာ ထင်သလို တံတွေးထွေးခြင်းအားဖြင့် ရောဂါတွေ အလှူပေးနေတာနဲ့ အတူတူပါပဲ"

"ပြောပါဦးဗျာ... အခြေခံတော့သိပါတယ်"

"တီဘီဝေဒနာခံစားနေရသူက တံတွေးတွေ လမ်းမပေါ်ထွေးချရင် အဲဒီတံတွေးတွေ ခြောက်သွားတဲ့အခါ ဖုန်မှုန့်တွေမှာ ရောဂါပိုးတွေပါလာတယ်။ ကိုယ်ခံအားနည်းသူတစ်ယောက်ရဲ့ ကိုယ်ထဲကို ဒီဖုန်မှုန့်တွေရောက်သွားတဲ့အခါ အဲဒီလူလည်း ရောဂါရတော့တာပါပဲ"

"ဟိုတစ်လောက မလွဲမကင်းသာ ခိုးဆွဲမော်တော်ဆိုင်ကယ်နဲ့ မြောက်ဥက္ကလာအပိုင်းကိုသွားခဲ့တယ်"

"အဲဒီကတည်းက တရားမဝင်ခိုးဆွဲမော်တော်ဆိုင်ကယ်စီးတယ်ဆိုတာနဲ့တင် ခင်ဗျားကိုယ်တိုင်လွဲနေပြီလေ။ ပြောပါဦး ဖြစ်ပုံ"

"အဲဒီနေရာက ဘတ်စ်ကားတို့၊ တက္ကစီတို့ ခက်ခဲတာကိုး။ ဆိုင်ကယ်ကယ်ရီငွေတစ်ထောင်နဲ့ လိုရာခရီး အပြီးအမြန်ရောက်တဲ့နေရာ။ ဆိုင်ကယ်ဆရာက ကွမ်းတံတွေးတွေ တထွီထွီနဲ့ လေးငါးခါထွေးလို့ သူ့နောက်မှာကပ်စီးလာတဲ့ ကျုပ်မှာခုန်တောင်ချချင်စိတ် ပေါက်ရောဗျို့"

"အိမ်ကိုညှော်သည်လာရင်လည်း ထမင်းမစားခင်လက်ဆေးဖို့ ရေခွက်လေးထဲရေထည့်ပေးတာ၊ လက်သည်း မလှီးထားတဲ့လက်နဲ့ ချေးကိုရေနှုးရုံလေးဆေးပြီး စားလိုက်ရတာပေါ့"

"ဒါလည်း အပြစ်ပဲလား"

"အရိုးစွဲနေတဲ့ အလွဲပဲဗျ။ ဆပ်ပြာနဲ့ရေလောင်းဆေးမှ လက်မှာကပ်နေတဲ့ ဗက်တီးရီးယား၊ ဖမ်းဂတ်စ်မှိုတွေ ပြောင်တယ်ဆိုတာ မိုက်ခရိုဘိုင်အိုလိုဂျစ် အဏုဇီဝဗေဒ ပညာရှင်တွေက သက်သေပြထားတာပါ"

"မြန်မာ့ဓလေ့ယဉ်ကျေးမှုအစဉ်အလာ ရေချမ်းစင်လေးအကြောင်း ပြောဦးမယ်ဆို"

"ပြောနေကျမို့သိနေပြီပေါ့။ အထူးသဖြင့် အညာဒေသတွေမှာပါဗျာ။ အောက်ပြည်အောက်ရွာ ကျေးလက်ဒေသတွေမှာ ချစ်စရာ့မြန်မာ့ရေချမ်းအိုးအလှူလေးတွေ ရှိပါတယ်"

"ရေချမ်းစင်အလှူ့ဒါယကာက ရေစိမ့်နေတဲ့မြေအိုးလေးကို သဲခင်း၊ ကရွတ်ခွေမှာတင် စပါးပင်လေးတွေ စိုက်ပြီး ရေဖြည့်လှူပါတယ်"

"ရေအကျိုးဆယ်ပါးကလည်း မက်မောစရာပါ။ ကျောင်းသုံးစာအုပ်ထဲက ခေတ်စမ်းစာညွှန့်လေးတွေမှာ ရေချမ်းစင်ကိုဖတ်ရတော့ ရေချမ်းစင်လေးတွေကို ချစ်ရတယ်ဗျာ။ မြန်မာ့ရာသီဥတုက နွေရာသီဆိုပြင်းထန်ပ့ါ။ နေပူအာခြောက် ချွေးပေါက်ပေါက်ကျကာ ရေအလွန်ငတ်ပါတယ်။ ရေချမ်းစင်လေးက အပူကလာသူကို ရင်ဆူပျောက်စေပါတယ်။ တစ်ယောက်ကလာ အုန်းမှုတ်ခွက် သို့မဟုတ် ဒန်ခွက်နဲ့ ရေအိုးထဲနှစ်ခပ်၊ အားရပါးရသောက်။ နောက်တစ်ယောက်ရောက်လာလည်း ရေထဲနှစ်ခပ်၊ ဝမ်းမြောက်ဝမ်းသာသောက်။ ဆိုတော့ ... ရောဂါဘယတွေ အခမဲ့ဖြန့်ဝေသလိုများ ဖြစ်နေမလားလို့"

"ဟာ...ဒီချစ်စရာဓလေ့လေးက ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ရှိခဲ့တာလေ"

"ဟိုးတုန်းက မြန်မာတွေရဲ့လူနေမှုဘဝက ရိုးရှင်းတယ်။ ရောဂါကင်းရှင်းကျန်းမာခြင်းနဲ့ ပြည့်စုံကြတယ်။ ခုခေတ်က လော်လီဆန်းပြား ဖြစ်နေကြပြီ။ ဒါကြောင့် ပိုက်ခေါင်းကကျလာတဲ့ရေကို ကိုယ်ပိုင်ခွက် သို့မဟုတ် တစ်ခါသုံးခွက်လေးနဲ့ သောက်တဲ့စနစ်ကို ပြောင်းသင့်နေပါပြီခင်ဗျာ"

စာမျက်နှာ ၇ သို့ ◆

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ရှိသူများ တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီက ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ယင်းနောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့နှင့် ဆက်သွယ်ဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေးနှင့် နေရာချထားရေး၊ ညှိခံ ကျွေးမွေးရေး၊ အလံတင်အခမ်းအနား စီစဉ်ရေး၊ မြေစိုက် ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ ကျန်းမာရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနား ပြင်ဆင်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ကြိုတင် ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြကြသည်။

**အောင်မြင်စွာကျင်းပနိုင်ရေး**

ထို့နောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးအောင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် အပြီးသတ်အတည်ပြုရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၇**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်း အစီအစဉ် အပြီးသတ်အတည်ပြုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁၉၉၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လူကုန်ကူးခြင်းအား ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုအဖြစ် မှတ်ယူကာ အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိသားစုများနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ မိမိတို့ပံ့ပိုးကူညီပေးသော ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ရရှိခံစားရသည့် လူကုန်ကူးခံရသူများ အနေဖြင့် ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုနှင့် ထိရောက်မှု ရှိ၊ မရှိကို သိရှိနိုင်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ ၎င်းတို့၏လိုအပ်ချက်နှင့် ပံ့ပိုးကူညီမှုများ ကိုက်ညီပြီး အောင်မြင်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း။




**ဝိုင်းဝန်းဆွေးနွေး ပေးရမည်**

ယခု စံလုပ်ငန်းအစီအစဉ် နည်းပညာပိုင်းဆိုင်ရာ အကူအညီအတွက် IOM (Myanmar) က ကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနများ အလိုက် အကြံပြုချက်များ ပေးပို့ပြီးဖြစ်သဖြင့် အတည်ပြုရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများနှင့် ပတ်သက်၍ သတင်းပေးစေခြင်း၊ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ခြင်း၊ အသိပညာပေးမှုများ အရှိန်အဟုန်မြှင့်ခြင်း၊ နိုင်ငံတကာ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက စံလုပ်ငန်းဆိုင်ရာများ ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ စာမျက်နှာ ၆ မှ

“အလှူ မင်္ဂလာဆောင်တွေမှာ ပိုဆိုးပါတယ်။ ထမင်းကျွေးရင် ချဉ်ပေါင်ဟင်းချိုတို့၊ ဘူးသီးချဉ်ရည်တို့၊ မဲဇလီဟင်းခါးတို့ကို ဟင်းသောက်ပန်းကန်လုံးကြီးထဲ ဇွန်းသုံးလေးချောင်းတပ်ပြီး တစ်ယောက်တစ်လှည့် ဆွဲကြတာလေ”

“အမယ် သူတို့ကပြောသေးတယ်၊ ကျုပ်တို့က မရွံ တတ်ဘူးဗျာ၊ တစ်ယောက်နဲ့တစ်ယောက် သွေးသောက်ကြီးတွေလို ချစ်ခင်တဲ့သဘာဝပြယုဂ်လည်း ဖြစ်သတဲ့”

“တလွဲဂုဏ်ယူကြပုံများ ပြောပါတယ်”

“ဒါကြောင့် ချောင်းဆိုးလည်းကူး၊ တုပ်ကွေးလည်း မတားဆီးနိုင်၊ နိုင်ငံခြားမှာအလုပ်ရလို့ ခတ်မုန့်ရိုက်လိုက်ရင် အဆုတ်မှာအစက်တွေတွေ့လို့ ပြန်ရတဲ့သူတွေ မနည်းဘူးခင်ဗျ”

“အမျိုးသားကျန်းမာရေးအတွက် ချစ်တဲ့စိတ်နဲ့ပြောတာပါ။ အလှူ မင်္ဂလာဆောင်မှာလည်း တစ်ယောက် တစ်ခွက်ပေးတဲ့စနစ်၊ ဘူဖေးလို သန့်သန့်လေးယူစားတဲ့စနစ် လူတိုင်းကျင့်သုံးဖို့ လိုနေပါပြီ”

“လက်ဖက်သုပ်စားရင်ကြည့်၊ ဝက်သားတုတ်ထိုး အချဉ်ရည်တို့စားရင်၊ ဘူးသီးကြော်စုစားရင် အချဉ်ရည်ကို တို့လိုက်၊ ကိုက်စားလိုက်၊ ပြန်တို့လိုက်”

“အိမ်ဆောက်တဲ့ဒီဇိုင်းကစ လွဲနေတာ”

“ဟိုက် အဲဒီလောက်အထိလား”

“ခေတ်မီတိုးတက်တဲ့နိုင်ငံတွေက ဒါတွေအားလုံး ပြုပြင်ပြီးသွားပြီ။ မြန်မာပြည်မှာတော့ နောက်ဆောက်တဲ့ ကွန်ဒိုတွေ၊ အိမ်ဒီဇိုင်းအသစ်တွေကလွဲရင် ဟိုတုန်းက မှားခဲ့ကြတယ်”

“သိပါရစေဗျာ”

“ခေတ်မီရောဂါဘယကင်း တစ်ကိုယ်ရေသန့်ရှင်း အိမ်ရာစနစ်မှာ ညှော်ခန်းနဲ့မီးဖိုချောင်ကို တွဲလျက်ပါ။ ကျွန်တော်တို့ရိုးရာက မီးဖိုချောင်ကိုဖြတ်ပြီး အိမ်သာ သွားရတယ်။ တချို့အိမ်က မီးဖိုချောင်နဲ့ အိမ်သာတွဲလျက်။ အိမ်သာကရောဂါ မီးဖိုချောင်ထဲ တန်းရောက်တာပဲ။ ခြေလက်သန့်စင်ဆေးကြောမှုကလည်း နည်းခဲ့ကြတယ်။ ခုဒီဇိုင်းသစ်မှာ အလွန်သန့်ပြန့်အောင် ထိန်းသိမ်းနိုင်တဲ့ အိမ်သာနဲ့ ရေချိုးခန်းက အိပ်ခန်းနဲ့တွဲလျက် ဖြစ်သွားပါတယ်”

“သန့်ရှင်းအောင်ရှင်းလင်းသုတ်သင်မှု နည်းစနစ်တော့ ကောင်းရမှာပေါ့နော်”

“အင်း အလွဲကြီးလွဲလို့ နိုင်ငံခြားသားတွေ ကျိတ်အံ့ဩရတာက ရှိသေးတယ်”

“ဘာများပါလိမ့်”

“တိုးတက်ပြောင်းလဲလာတဲ့ တစ်ရှူးခေတ်မှာ စားသောက်ဆိုင်တွေမှာ တစ်ရှူးလိပ်တွေကို ပါးစပ်သုတ်ဖို့ သုံးလာကြတယ်”

“တစ်ရှူးလိပ်အကြမ်းစားက အိမ်သာသုံးအတွက်ပဲ၊ ပါးစပ်သုတ်၊ မျက်နှာသုတ်တစ်ရှူးက ထမင်းစားပွဲမှာ သုံးဖို့ပါဗျာ။ အရှေ့တိုင်းနိုင်ငံများစွာမှာ တစ်ရှူးလိပ်ကို အိမ်သာသုံးအဖြစ်ကနေ ထမင်းစားပွဲဆီ အသုံးတည့်လာမှုကို အနောက်တိုင်းက လူတွေရဲ့အမြင်ပါ”

“ကျန်းမာရေးရောဂါကူးစက်မှုနဲ့တော့ မဆိုင်လှပါဘူး၊ လွဲတော့လွဲတာပဲ”

“နိုင်ငံတကာမှာ ပင်လယ်ကမ်းခြေ၊ မြစ်ကမ်းခြေက အဆောက်အဦတွေ၊ မြေတွေက တန်ဖိုးကြီးမားလှပါတယ်။ အိမ်ပုံစံထုတ်ဗိသုကာတွေက ရေပြင်ကိုမျက်နှာပြုတဲ့ အဆောက်အဦတွေဖန်တီးကြတယ်။ နာမည်ကျော်မြစ်ကြီးတွေကို မျက်နှာပြုပြီးဆောက်သလို ရေပြင်ကိုလည်း သန့်ရှင်းလှပအောင် စုပေါင်းပြုပြင်ကြပါတယ်”

“ဟာ ကျုပ်တို့က မြစ်တို့၊ ချောင်းတို့ကို ကျောပေးပြီး အိမ်ဆောက်တာ။ အိမ်သာကို ကမ်းစပ်မေးတင်ပြီး အပေါ့အလေးကိစ္စ မြစ်ထဲတစ်ခါတည်းပြီးသွားအောင် ဆောက်ထားတာပဲ့"

“ပင်လယ်ကို ဖြတ်တိုက်လာတဲ့လေကိုရှူရင် ရောဂါကင်းတယ်၊ ရောဂါပျောက်တယ်။ မြစ်ချောင်းအင်းအိုင်နဲ့ ရေပြင်ရှုခင်းတွေကြောင့် စိတ်နှလုံးအေးချမ်းမှုရစေတယ်”

“အဲဒီအလွဲကြီး၊ အမှားကြီးကတော့ မြန်မာ့ကျန်းမာရေးသမိုင်းကြောင်းမှာ ဝမ်းရောဂါတွေ ထိန်းမရဘဲ ရွာလုံးကျွတ်ကူးစက်ဒုက္ခ ရောက်ကြရတာရှိပါတယ်။ မြစ်ထဲကို မစင်စွန့်၊ လူသေ၊ ခွေးသေကောင်တွေ စွန့်ပစ်တာ၊ အမှိုက်ပစ်တာ၊ ဒါတွေရပ်တန်းက ရပ်သင့်ပါပြီ”

“အဲဒီရေတွေကို ထရိမင့်မလုပ်ဘဲ သောက်ကြတော့ ဝမ်းပျက်ဝမ်းကိုက် ဝမ်းရောဂါတွေ ခံစားကြရတယ်။ အဲဒါကြောင့် အသက်အန္တရာယ်ထိပါးတဲ့အထိ ဖြစ်ကြရတယ်”

“မြန်မာ့အသက်သွေးကြောမြစ်ကြီးတွေကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။ အဖိုးတန်ပိုင်ဆိုင်မှုကြီးတွေပါ”

“ခုတော့ မြို့ကြီးတွေမှာ မြစ်ရေကိုစုပ်တင်ပြီး ကန်ထဲမှာထည့်၊ အနည်ထိုင်၊ ရေစစ်။ ရေထဲပါလာတဲ့ ဗက်တီးရီးယား ပိုးမွှားတွေ သုတ်သင်ရှင်းလင်းတဲ့ နည်းစနစ်တွေနဲ့ အိမ်အရောက်ပိုက်သွယ် ပို့ဆောင်ပေးနိုင်လာတော့ ဝမ်းသာစရာပေါ့”

“အဲဒီတော့ မလွဲတော့ဘူးပေါ့နော်”

“အင်း ပြဿနာက မြန်မာပြည်ကြီးက ကျယ်ပြန့်တော့ မြို့တိုင်း ရွာတိုင်း ဒီလိုမလုပ်နိုင်သေးတာ လွဲနေတာပေါ့”

“ဘာပဲဖြစ်ဖြစ် အားလုံးသော အလွဲလေးများကို ပြည်သူ့ကျန်းမာရေးအတွက် ရှေးရှုပြီး ပြင်ဖို့ ကြိုးစားလိုက်ကြရအောင်လား”

“စီးပွားရေးက ကျပ်တည်းနေသေးတော့၊ မပြင်နိုင်ကြသေးရင်ရောဗျာ”

“မပြင်နိုင်သေးရင်တော့ ဒီလိုညစ်ညစ်ပတ်ပတ် အလွဲတွေကြားက ကျုပ်တို့ကိုယ်ခံအားကိုသာ အားကိုးရတော့မှာပေါ့ဗျာ”

“ဟုတ် ခံနိုင်ရည်ကိုယ်ခံအားထက် ကျော်သွားရင်တော့ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရှိကြောင်းပါဗျာ” ။ ။

# မျိုးပွားမှုဆိုင်ရာ ရောဂါများအတွက် မှန်ပြောင်းနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ခွဲစိတ်ဆရာဝန်ကြီးများ၏ စကားသံများ

**မျိုးပွားမှုဆိုင်ရာရောဂါများအတွက် မှန်ပြောင်းနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အထိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ သားဖွားမီးယပ်ဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**တွေ့ဆုံမေးမြန်း - ရီရီမြင့်**

**ပါမောက္ခဒေါက်တာခင်ပြုံးကြည်**
**ဆေးရုံအုပ်ကြီး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**

သားဖွားမီးယပ်ပညာဌာန ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးတက္ကသိုလ်(၁)(ရန်ကုန်)နဲ့ ထိုင်းနိုင်ငံ Rajavithi Hospital က မှန်ပြောင်းအထူးကုပညာရှင်ကြီးများအဖွဲ့၊ အာရှနဲ့ ပစိဖိတ်မှန်ပြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဆရာဝန်ကြီးဦးဆောင်သည့်အဖွဲ့နဲ့ မျိုးပွားမှုဆိုင်ရာ ရောဂါတွေနဲ့ပတ်သက်ပြီး မှန်ပြောင်းနဲ့ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပတာဖြစ်ပါတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုတွေက အကျိုးကျေးဇူးရှိလာတာကို တွေ့ရှိရတဲ့အတွက် မီးယပ်ဆိုင်ရာရောဂါတွေမှာလည်း ဒီခွဲစိတ်ကုသမှုတွေကို ဗိုက်ခွဲပြီးကုသမယ့်အစား မှန်ပြောင်းနဲ့ ခွဲစိတ်ကုသလို့ရတဲ့ရောဂါတွေဆိုရင် မှန်ပြောင်းနဲ့ ခွဲစိတ်ကုသပေးခြင်းအားဖြင့် လူနာတွေအတွက် ပိုပြီးကောင်းမွန်တာတွေ့ရှိတယ်။

သားသမီးရဖို့ ခက်ခဲတဲ့သူတွေ၊ သွေးလုံး၊ အသားလုံးတွေရှိနေတဲ့ အမျိုးသမီးတွေ၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကင်ဆာဖြစ်ရင်တောင် ဒီကင်ဆာရောဂါကိုကုသရာမှာ မျိုးပွားမှုဆိုင်ရာကို မထိခိုက်စေဘဲ ရောဂါကိုကုသနိုင်တဲ့နည်းလမ်းတွေလည်းရှိတယ်။ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသနိုင်တဲ့ ကုသမှုတွေကို စာတွေ့၊ လက်တွေ့ ဒီအလုပ်ရုံဆွေးနွေးပွဲ သုံးရက်တာကာလမှာ သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။

မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုတွေက ခုမှပေါ်လာတာမဟုတ်ပါဘူး။ ဆေးပညာလောကမှာလည်း ပေါ်နေတာကြာပါပြီ။ သားဖွားမီးယပ်နဲ့ ပတ်သက်ပြီး မှန်ပြောင်းခွဲစိတ်ကုသခြင်းလုပ်ငန်းတွေကို ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံမှာ အရင်တုန်းက နည်းနည်းချင်းလုပ်ပါတယ်။ လုပ်တဲ့အခါမှာ ပစ္စည်းကိရိယာကအစ၊ နည်းပညာကအစ၊ ပညာရှင်ကအစ အခက်အခဲရှိတယ်။ မှန်ပြောင်းခွဲစိတ်တယ်ဆိုတာက ခက်ခဲတဲ့ပညာမဟုတ်ပေမယ့် လေ့လာသင်ယူရတာ အချိန်ယူရပါတယ်။

အခုလို အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တဲ့အခါ မျိုးဆက်သစ်ဖြစ်တဲ့ သားဖွားမီးယပ်ဆရာဝန်ငယ်တွေ၊ အထူးကုဆရာဝန်တွေဟာ ဒီမှန်ပြောင်းခွဲစိတ်မှုဆိုင်ရာတွေမှာ ပိုပြီးတော့ ကျွမ်းကျင်လာတယ်။ ပိုပြီးတော့ ကောင်းမွန်းသိလာတယ်။

မှန်ပြောင်းခွဲစိတ်မှုကို ပိုပြီးတော့အားပေးလာတယ်။ ဆေးပညာ တိုးတက်လာပါတယ်။



ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်



Professor Chyi-Long Lee




Dr. Aranya Yantapant

မှန်ပြောင်းခွဲစိတ်တာ အောင်မြင်မှုတွေရှိလာတယ်။ မီးယပ်ဆိုင်ရာ ရောဂါတွေအတွက် မှန်ပြောင်းနဲ့ခွဲစိတ်ကုသတဲ့အခါ ဆရာဝန်တွေအတွက်လည်း ပညာတွေတိုးပါတယ်။

မှန်ပြောင်းနဲ့ခွဲစိတ်တာက ဘယ်လိုအကျိုးကျေးဇူးရှိလဲဆိုတော့ ဆေးရုံတက်ရတဲ့အချိန်သက်သာတယ်၊ ဗိုက်ခွဲပြီးကုသရင် အနည်းဆုံး ခြောက်ရက်၊ ခုနစ်ရက်လောက် ဆေးရုံမှာနေရတယ်။ အခုဆိုရင် နှစ်ရက်လောက်ပဲ တက်ရတာမျိုးရှိတယ်။ ဆေးရုံတက်ရတဲ့အချိန် သက်သာတယ်၊ နာလန်ထမြန်တယ်။ အဲဒီလို အကျိုးကျေးဇူးတွေအပြင် တစ်ခါတလေကျရင် သားအိမ်ထဲမှာ အလုံးရှိရင်၊ သားအိမ်ကိုထုတ်လိုက်ရင် ကလေးမရနိုင်တော့ဘူး။ အဲဒါမျိုးကို မှန်ပြောင်းနဲ့ ခွဲစိတ်ကုသပေးခြင်းအားဖြင့် သားအိမ်၊ သားဥအိမ်တွေကို မထိခိုက်စေဘဲ မှန်ပြောင်းနဲ့ သီးသန့် ခွဲစိတ်ကုသပေးတာကြောင့် အကျိုးကျေးဇူးအများကြီးရှိပါတယ်။

မှန်ပြောင်းနဲ့ခွဲစိတ်ရတဲ့အခါမှာ သားသမီးရရှိမှုကို မထိခိုက်စေပါဘူး။ အချိန်မတိုင်မီ သွေးဆုံးမှုမဖြစ်စေဘဲ ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့ နေထိုင်သွားနိုင်မယ်။ အဲဒီလိုမျိုး အကျိုးကျေးဇူးတွေရှိပါတယ်။

မှန်ပြောင်းနဲ့ ခွဲစိတ်လို့မရတဲ့ ရောဂါတွေလည်းရှိပါတယ်။ တချို့ဆို သားအိမ်ထဲက အလုံးက တော်တော်ကြီးနေပြီ၊ မေ့ဆေးပေးဖို့ မသင့်တော်တဲ့လူနာတွေ၊ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါတွေကို ထိခိုက်နိုင်မယ့် ခက်ခဲတဲ့လူနာတွေ၊ တချို့ကင်ဆာမှာ အဆင့် ၃-၄ အဆင့်မြင့်သွားတဲ့လူနာတွေကို မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုလုပ်လို့မရပါဘူး။

ဒီဆေးရုံမှာတော့ ကျွန်မတို့က မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုကို အောင်အောင်မြင်မြင်နဲ့ လုပ်နိုင်တာများလာပြီ။ မှန်ပြောင်းကုသခြင်းလုပ်ငန်းတွေကို ဒီဆေးရုံမှာ တစ်ပတ်မှာ သုံးရက် သက်ဆိုင်ရာ ဆရာဝန်ကြီးတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ရက်ကို သုံးဦးနှုန်းနဲ့ ခွဲစိတ်ကုသပေးနေပါတယ်။ တစ်နှစ် တစ်နှစ်ဆိုရင် ရာကျော်ပါတယ်။ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသရာမှာ ၉၀ ရာခိုင်နှုန်းလောက် အောင်မြင်ပါတယ်။ ဒီဆေးရုံမှာ မှန်ပြောင်းကုသမှုနဲ့ပတ်သက်ပြီး လူနာတွေကို ခွဲစိတ်ခနဲ့ ဆေးဝါးစရိတ်တွေက အခမဲ့ကုသပေးပါတယ်။ နက်နဲတဲ့ခွဲစိတ်မှုတွေမှာတော့ တစ်ခါသုံးတွေသုံးရတဲ့အတွက် တစ်ယောက်ချင်းမဟုတ်ဘဲ စုပေါင်းပြီး ပစ္စည်းတွေ ပြန်လည်စုဆောင်းရတဲ့အတွက် အလှူငွေသဘောကောက်ခံရတာမျိုးတော့ ရှိပါတယ်။ ဒီမှန်ပြောင်းခွဲစိတ်ကုသမှုက လူနာတွေအတွက် အကျိုးကျေးဇူးများတဲ့အတွက် ဆေးပညာလောကမှာ အားပေးသင့်ပါတယ်။ အထူးသဖြင့် သားဖွားမီးယပ်ပညာလောကမှာလည်း မှန်ပြောင်းခွဲစိတ်မှုကို အားပေးသင့်ပါတယ်။

**Professor Chyi-Long Lee**
**ထိုင်ဝမ် (Chang Gung Memorial Hospital, Chang Gung University)**

အရင်တုန်းကလို ခွဲစိတ်တာမလုပ်ဘဲ လူနာတွေကို မှန်ပြောင်းနဲ့ ခွဲစိတ်လို့ရတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်က ရှင်းပြတာပါ။ ဗိုက်ကိုခွဲစိတ်ကုသမှုတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက ပေါ်ပေါက်ခဲ့တယ်။ အဲဒီကတစ်ဆင့် မှန်ပြောင်းနဲ့ ခွဲစိတ်မှုက ပြီးခဲ့တဲ့နှစ်ပေါင်း ၃၀ ကနေစပြီး ပေါ်ပေါက်လာတယ်။ အဲဒါကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာတယ်။ အဲဒီကတစ်ဆင့် ထပ်ပြီးတိုးတက်လာတာက စက်ရုပ်တွေကို အသုံးပြုပြီးတော့ ခွဲစိတ်မှုတွေ ဖြစ်လာတယ်။ အခုဆို ခွဲစိတ်ဖို့ အပေါက်တောင်မဖောက်ဘဲ ကိုယ်ခန္ဓာမှာရှိတဲ့ သဘာဝအပေါက်တွေကနေ ခွဲစိတ်မှုတွေအထိ တဖြည်းဖြည်း တိုးတက်လာတယ်။ အဲဒီတိုးတက်မှုတွေက အခုထက်တိုးတက်အောင် အထောက်အပံ့ပေးမယ်။ အခုဆိုရင် နိုင်ငံတော်တော်များများမှာ ဒီလိုခွဲစိတ်ကုသမှုကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီ။

ခွဲစိတ်မှုတွေလုပ်နေတဲ့ ဆရာဝန်တွေဟာ လူနာတွေကို ခွဲစိတ်မှုအကြီးကြီးတွေ မလုပ်တော့ဘဲ ဒီမှန်ပြောင်းနဲ့ ခွဲစိတ်ကုသတဲ့ ဆေးပညာရပ်တွေကို သင်တန်း ကျွန်တော်က ပို့ချပေးတာပါ။ အဓိကရည်ရွယ်ချက်က ဒီခွဲစိတ်မှုမျိုးကို ဆရာဝန်တိုင်း လုပ်တတ်စေချင်တယ်။ ဆရာဝန်တွေတော်တော်များများကို ဒီခွဲစိတ်မှုနဲ့ ရင်းနှီးကျွမ်းဝင်မှု ဖြစ်စေချင်တယ်။ အရင်က ခွဲစိတ်မှုဒဏ်ရာကြီးရင် အနာကျက်ဖို့ လေးပတ်ကနေ ရှစ်ပတ်အထိ စောင့်ရတယ်။ အခု မှန်ပြောင်းနဲ့ ခွဲစိတ်မယ်ဆိုရင် ဒါမျိုးမရှိဘဲ ဗိုက်ကိုအပေါက်လေးဖောက်ပြီး ခွဲစိတ်ရတာဖြစ်တဲ့အတွက်ကြောင့် အနာမရှိဘူး၊ အနာကျက်ဖို့လည်း စိတ်ပူစရာမလိုဘူး။ လူနာလည်း နာလန်ထမြန်မယ်။ ခွဲစိတ်ပြီး ၂၄ နာရီအတွင်း ခွဲစိတ်ထားတယ်လို့မထင်ရဘဲ ထပြီးအလုပ်လုပ်နိုင်တယ်။ ခွဲစိတ်မှုက ဓားနဲ့ခွဲတာမဟုတ်ဘဲ မှန်ပြောင်းနဲ့ အပေါက်လေးဖောက်ပြီး ထည့်ရတဲ့အတွက် ထိခိုက်မှုမများဘူး။ အမာရွတ်ဖြစ်တဲ့နှုန်းလည်း နည်းတဲ့အတွက်ကြောင့် လူနာအနေနဲ့ ခွဲစိတ်ပြီးတဲ့အခါ နာခြင်း၊ ကျင်ခြင်းလည်း လုံးဝမရှိဘူး။ ဒါက လူနာတွေအတွက် အားသာချက်ပါ။

နောက်တစ်ခုက လမ်းလည်း မြန်မြန်ပြန်လျှောက်နိုင်တယ်။ ခြေထောက်မှာ သွေးကြောရောင်တဲ့လက္ခဏာလည်း မရှိဘူး။ အခုဆိုရင် သားအိမ်ထုတ်ရင် ဗိုက်ကမဖောက်ဘဲ သဘာဝအပေါက်ကနေ သားအိမ်ကို ထုတ်ရတဲ့အတွက် ဗိုက်မှာအပေါက်မရှိဘဲ တစ်ဆင့်ပိုပြီး တိုးတက်လာပါတယ်။ လူနာလည်း တစ်ပတ်အတွင်း အလုပ်ပြန်လုပ်နိုင်တယ်။ အဲဒါအပြင် ကင်ဆာလူနာတွေအတွက်လည်း မှန်ပြောင်းကို အဆ ၂၀ အထိ ချဲ့ကြည့်နိုင်တဲ့အတွက် ရောဂါဆိုလည်း အနီးကပ်မြင်ရတော့ ပိုပြီး တိတိကျကျ ကုသနိုင်တယ်။ လူနာရဲ့ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာအရလည်း သူ့မှာခွဲစိတ်ရမယ်ဆိုတဲ့ ကြောက်စိတ်မရှိတော့တဲ့အတွက် ရောဂါကို ကုသချင်တဲ့စိတ်ဖြစ်ပေါ်စေတယ်။ လူနာအတွက်လည်း အကျိုးတွေအများကြီးရှိပါတယ်။

**Dr. Aranya Yantapant**
**ထိုင်းနိုင်ငံ (Rajavithi Hospital)**

ဒီစီမံကိန်းကို စတင်ရတဲ့အကြောင်းရင်းရှိပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)ရောက်ခဲ့တယ်။ မြန်မာနိုင်ငံက ဆရာဝန်တွေက အင်မတန်တော်ပါတယ်။ ဒီမှာလည်း မှန်ပြောင်းနဲ့ခွဲစိတ်ကုသတဲ့လူနာတွေက အများကြီးမရှိသေးတဲ့အတွက် ဒီဆေးရုံမှာ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသတဲ့ ဆရာဝန်တွေကို အထောက်အကူဖြစ်စေချင်တယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို စခဲ့တာပါ။

နောက်ရည်ရွယ်ချက်ကတော့ ကျွန်မတို့က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့အတွက် အာဆီယံနိုင်ငံတွေမှာ မှန်ပြောင်းနဲ့ ခွဲစိတ်ကုသမှုတွေကို အထောက်အကူဖြစ်စေချင်တယ်။ ဒီလိုကုသမှုကို အားပေးစေချင်တယ်။ ကျယ်ပြန့်စေချင်တယ်။ ဒီကုသနည်းကို သဘောကျတယ်။ အာဆီယံနိုင်ငံတွေက ဆရာဝန်တွေကိုလည်း ဒီကုသနည်းကို လုပ်စေချင်တယ်။ တိုးတက်စေချင်တယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို စခဲ့တာပါ။

## ပန်းနာရင်ကျပ်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဓာတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှုများပြားခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့် ရောဂါဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏လက္ခဏာများ**

- အသက်ရှူစဉ် ရှီရှီမြည်ခြင်း
- ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- မောပန်းလွယ်ခြင်း
- စူးရှသောအနံ့ရလျှင်၊စိတ်လှုပ်ရှားလျှင်၊အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုးလာခြင်း
- ဖြစ်နေကျအချိန်တွင်ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေးနည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

ပွင့်လင်းရာသီတွင် နိုင်ငံအတွင်း အလှူပွဲတော်များ စည်ကားစွာ ကျင်းပလေ့ရှိပါသည်။ ဤကာလအတွင်း အစာအဆိပ်သင့်မှုများ နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။

**အစာအဆိပ်သင့်မှုမဖြစ်ပွားစေရန်အတွက် အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောပါ။
၂။ အိုးခွက်၊ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၃။ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသောအစားအစာများအား သီးခြားစီထားရှိပါ။
၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ။
၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများ အနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

အစာအဆိပ်သင့်မှုဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ပြီး ထိရောက်စွာ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကောင်းမှုလုံ(ကောင်းမူးလုန်)စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပူတာအို ဇန်နဝါရီ ၇**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံ(ကောင်းမူးလုန်)စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

နှစ်ပေါင်း ၂၃၂၀ နှစ် တည်ရှိခဲ့ပြီဖြစ်သည့် ကောင်းမူးလုန်စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက်ကျင်းပလျက်ရှိရာ ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် အထူးနှစ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ရှမ်းမျိုးနွယ်စုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီများ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ထိုင်းနိုင်ငံမှဧည့်သည်တော်များ၊ အိန္ဒိယနိုင်ငံမှဧည့်သည်တော်များ၊ အခြားသောရိုးရာယဉ်ကျေးမှုအကအဖွဲ့များကိုလည်း ဖိတ်ကြားထားကြောင်း ပွဲတော်ကြိုဆိုနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဦးစောနွံခမ်းဆာက ပြောသည်။

ကောင်းမှုလုံ(ကောင်းမူးလုန်)ဘုရားပွဲတော်တွင် တိုင်းခမ်းတီရှမ်း ရိုးရာဆင်အပြေးပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲ၊ ရိုးရာလှေလှော်ပြိုင်ပွဲ၊ ထမင်းနဲထိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ အခြားသောရိုးရာအားကစားနည်း ၁၁ မျိုးအပြင် အခြားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗုဒ္ဓဝင်ပြခန်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ရိုးရာအသုံးအဆောင်ပြခန်း၊ ရိုးရာလက်မှုအနုပညာပြခန်း၊ ရိုးရာအစားအသောက်နှင့် အဝတ်အထည်ပြခန်းများ၊ ဒေသထွက်ကုန်အရောင်းပြခန်းများ၊ စားသုံးသူပညာပေးပြခန်းများ၊ တိုင်းခမ်းတီရှမ်းရိုးရာမီးပြာသာဒ်၊ ဝက်ပါ၊ သဲပုံစေတီ၊ ကြာဆီမီးတစ်ထောင် မျှောလှူပူဇော်ခြင်း၊



မြေဝိုင်းပြဇာတ်များ ကပြခြင်း၊ လှေဖောင်ဖြင့်ပဒေသာပင်လှည့်ခြင်းများ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် ဧည့်သည်နားနေဆောင်များကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ဆန်းညွန့်(ပူတာအို)**



# ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၆)ကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၆)ကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက စေတီတော်ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များက လက်ခံပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်(သီးခြား)ဝိနည်းဓိုရ်)ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသည့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၇၂ ဦးက ရွှေပြား ၉၇ ချပ်၊ ရင်ပြင်တော်အခင်းကျောက်ပြား အလှူရှင်များက ကျောက်ပြား ၁၅၇၃၃ ချပ်လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၃၈ ဦး အပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် ၄၉၄,၁၆၇,၄၇၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**လက်ပံတန်း ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ရေကန်ကျေးရွာအုပ်စု ဝက်လှချောင်းကျေးရွာတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းအောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇန်နဝါရီ ၆ ရက်တွင် ကျင်းပခဲ့ပြီး ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြင့်နိုင်**



# မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ငွေကျပ်သန်း ၅၉၄၅၉ ဒသမ ၈၀ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၃၄၉၁ တွဲနှင့် ငွေကျပ်သန်း ၃၆ ဒသမ ၉၂ တန်ဖိုးရှိ ကျောက်မျက်အတွဲ ၉ တွဲ ရောင်းချခဲ့ရ

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ စတင်ပြသရောင်းချသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသည် ယနေ့ညနေပိုင်းတွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ယနေ့ပြပွဲ ဆဋ္ဌမနေ့ကျင်းပသည့် နံနက်ပိုင်းမှစ၍ နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမအတွင်း တင်ဒါအောင်မြင်သူများစာရင်း စောင့်မျှော်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ်(၂၅၀၁)မှ (၃၆၉၅)တွဲအထိ ကျောက်စိမ်းအတွဲ ၁၁၉၅ တွဲမှ တင်ဒါအောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာငွေကျပ် ၁၇၀၇၃၆၈၇၀၆၀ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၁၁၄၁ တွဲကို ရောင်းချခဲ့ရသည်။

ရတနာကုန်သည် ကိုရန်အောင်က "မဏိရတနာကျောက်စိမ်းဝင်းမှာ ကျင်းပတဲ့ ပြသရောင်းချပွဲတိုင်းမှာ လွတ်လွတ်လပ်လပ်ကြည့်ရှုလေ့လာခွင့်ရတယ်။ ဝယ်ယူမယ့်သူ စိတ်ကြိုက်တင်ဒါတင်သွင်းလို့ရတယ်။ အိတ်ဖွင့်တင်ဒါစနစ်ဖြစ်လို့လဲ စိတ်ချမ်းသာတယ်။ ကျောက်စိမ်းအတွဲတွေရဲ့ ကြမ်းခင်းဈေးက ၁၀ သိန်းလို့ သတ်မှတ်ထားပေမယ့် တင်ဒါအောင်မြင်တဲ့ဈေးနှုန်းတွေကို လေ့လာကြည့်မယ်ဆိုရင် ယူရိုငွေနဲ့ပြသရောင်းချပွဲတွေလိုပဲ ဈေးနှုန်းတွေမြင့်မြင့်မားမားနဲ့ရောင်းချနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်ခိုင်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ဇော်ဦး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးလှအောင်၊ လက်ထောက်မန်နေဂျာ ဦးကျော်ဦးလွင်နှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းကြည်တို့ဦးဆောင်၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်ခိုင်က "မြန်မာကျပ်ငွေနဲ့ပြသရောင်းချတဲ့ ဒီပွဲကို ရတနာကုန်သည် ၂၀၂၃ ဦး တက်ရောက်ခဲ့ပါတယ်။ ပြပွဲမှာ ကျောက်စိမ်းအတွဲ ၃၆၉၅ တွဲနဲ့ ကျောက်မျက်အတွဲ ၂၈၆ တွဲ ပြသခဲ့ပြီး မြန်မာငွေကျပ်သန်း ၅၉၄၅၉ ဒသမ ၈၀ တန်ဖိုးရှိတဲ့ ကျောက်စိမ်းအတွဲ ၃၄၉၁ တွဲနဲ့ ငွေကျပ်သန်း ၃၆ ဒသမ ၉၂ တန်ဖိုးရှိတဲ့ ကျောက်မျက်အတွဲ ၉ တွဲရောင်းချခဲ့ရပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ယခုကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် တန်ဖိုးအမြင့်ဆုံးအဖြစ် အလေးချိန် ၅၈၀ ကီလိုရှိ ကျောက်စိမ်းတွဲ အမှတ်(၁၄၆၉)ကို မြန်မာငွေကျပ်သိန်း ၅၈၀၀ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

**မင်းမင်းဇော်(ကလေး၀)**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ကြို့ပင်အလယ်ကျေးရွာနေ ကြည်ခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ ကြို့ပင်အလယ်ကျေးရွာနေ ကြည်ခိုင်(၄၁)နှစ်၊ (ဘ)ဦးသာခိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ ဇေယျာသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာနေ ပြည့်ဖြိုးမောင် (၃၂)နှစ်၊ (ဘ) ဦးတိုးမောင်အားဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ပျဉ်းမနား)မယ (ပ)၁၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဝဒန်းချုံသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဝဒန်းချုံ(ခ)ရန်နွမ်(၄၀)နှစ်၊ (ဘ)ဦးချုံးမင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရှင်ဗွေယန်) မယ (ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ချောင်းဆုံကျေးရွာအနီး လှိုအတွင်း မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၂-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ချောင်းဆုံကျေးရွာအနီး လှိုအတွင်း ရုတ်တရက်ဝင်ရောက်စီးနင်းစစ်ဆေးရှာဖွေရာ ယာယီလူနေတဲအတွင်း မော်ပုံကျေးရွာနေ တင်မျိုးဦး(၄၇)နှစ်၊ (ဘ)ဦးဘို၀၊ ငှက်ပျောတောရပ်ကွက်နေ ခင်မောင်စီ(၃၆)နှစ်၊ (ဘ)ဦးမောင်စီနှင့် ငိုးပင်းကျေးရွာနေ မာလ(၂၂)နှစ်၊ (ဘ)ဦးချစ်ဝင်းတို့(၃)ဦးအား တံဆိပ်မပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးခင်း)မယ (ပ)၈၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ သဝန်ကျေးရွာနေ တင်ဖေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၂-၂၀၁၉ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ သဝန်ကျေးရွာနေ တင်ဖေ(၅၈)နှစ်၊ (ဘ)ဦးအောင်တင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး)မယ(ပ)၄၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ မြေနီကုန်းကျေးရွာနေ ကျော်သူဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ တပ်ကုန်းကျေးရွာ အနောက်ဘက်တောအတွင်း၌ မြေနီကုန်းကျေးရွာနေ ကျော်သူဝင်း(ခ) ရှိုင်းဝဏ္ဏ(၂၉)နှစ်၊ (ဘ) ဦးဝင်းမောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး)မယ(ပ)၉၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ သက္ကယ်တောင်ကျေးရွာနေ ကျော်မြင့်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ သက္ကယ်တောင်ကျေးရွာ၊ တာရိုးလမ်းမပေါ်၌ ၎င်းကျေးရွာနေ ရှိုင်းနောင် (၂၆)နှစ်၊ (ဘ)ဦးအောင်ကံအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား ၎င်းကျေးရွာနေ ကျော်မြင့်နိုင်(၄၀)နှစ်၊ (ဘ)ဦးတာရွှေထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ (မိုင်းကိုင်း) မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကျော်မြင့်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ (ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃) (၄)(၅) လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး | ယခင်သီတင်းပတ်၌ အမှု(၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၃၀-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၌ ၎င်းရပ်ကွက်၊ ချမ်းမြေ့သာ(၄) လမ်းနေ ရဲမင်းဦး(ခ)ခေါင်းခွေ(၂၉)နှစ်၊ (ဘ) ဦးသန်းဇော်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြား (၁၇)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၁၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်နေ သရဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၁၉ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်နေ သရဲ(ခ)မျိုးမြင့်အောင်(၂၄)နှစ်၊ (ဘ) ဦးတင်ထွန်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ အောင်လင်းဦး(၁၉)နှစ်၊ (ဘ) ဦးနေလင်းဇော်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၃၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ ရပ်ကွက်နေ မသန်းသန်းထွေး (ခ)သေးသေးမသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၂-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်နေ မသန်းသန်းထွေး(ခ) သေးသေးမ (၂၂)နှစ်၊ (ဘ)ဦးစံကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်)မယ(ပ)၂၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်နေ အောင်ထူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၉ ရက်နေ့တွင် ကျိုက်လတ်မြို့နယ်၊ ကျွန်းထပ်ကျေးရွာ လမ်းဆုံ ရန်ကုန်-မော်လမြိုင်ကျွန်းသွား ကားလမ်းပေါ်၌ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်နေ အောင်ထူး (၅၄)နှစ်၊ (ဘ)ဦးသန်း မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရုံးဒေါင့်)မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မြင့်ဇော်အောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မြင့်ဇော်အောင်(၂၅)နှစ်၊ (ဘ)ဦးသောင်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်)မယ (ပ)၈၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၆)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၇)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၉-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ သူရအောင်(ခ)အငယ်လေး(၁၈) နှစ်၊ (ဘ) ဦးအိုက်မောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အောင်နိုင်ကျော်(၁၅)နှစ်၊ (ဘ) ဦးလောက်လူ၊ ဝင်းနိုင်(၁၅)နှစ်၊ (ဘ)ဦးယောက်ကွမ်း၊ သန့်ဇင်အောင်(၁၈)နှစ်၊ (ဘ) ဦးအောင်နိုင်ဦး၊ ရွှေတောင်ရပ်ကွက်နေ နိုင်လင်းဦး(၂၁)နှစ်၊ (ဘ)ဦးသန်းနိုင်တို့ (၅) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၁၂၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်နေ လမင်းထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁-၂၀၂၀ ရက်နေ့တွင် ဘိုကလေးမြို့၊ (၇)ရပ်ကွက်၊ (၁၅/ ၁၆) လမ်းကြား၌ (၄)ရပ်ကွက်နေ လမင်းထက်(၂၅)နှစ်၊ (ဘ)ဦးသန့်ဇင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား (၂)ရပ်ကွက်နေ နောင်နောင်(၂၅)နှစ်၊ (ဘ) ဦးဇော်မင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် နောင်နောင်၏နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်နေသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဘိုကလေး)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်၂၆-၆-၂၀၁၈ ရက်နေ့မှ ၄-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၂၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၁၉၇)ဦး၊ မ(၂၃၅)ဦး၊ ပေါင်း(၁၄၃၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၇၂.၄၅၉၄)ဂရမ်၊ ICE(၁၃၄၇.၃၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၅၄၂၈၉)ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂)ဂရမ်၊ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၅.၄၅) ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉) လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## အလောင်းတော်ကဿပသို့ သွားရောက်နိုင်သည့် ဘုရားဖူးရာသီလမ်း ယာယီလမ်းပိတ်ထားခြင်း ပြန်လည်ဖွင့်လှစ်

**ကနီ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပရုပ်ပွားတော်တည်ရှိရာနေရာ စံကျောင်းတော်သို့ သွားရောက်နိုင်သည့် ကပိုင်-သပိတ်ဆေးဘုရားဖူးရာသီလမ်းမှာ ဇန်နဝါရီ ၃ ရက်နေ့နှင့် ညပိုင်းက မိုးရွာသွန်းမှုကြောင့် ဘုရားဖူးလမ်းကို ယာယီလမ်းပိတ်ထားရပြီး ယခု ဇန်နဝါရီ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း အလောင်းတော်ကဿပဘုရား ဂေါပကဥက္ကဋ္ဌ ဦးအောင်ကိုလင်း၏ ပြောပြချက်အရ သိရသည်။

**ဆောင်ရွက်ပေး**

ယင်းသို့ ဘုရားဖူးရာသီလမ်း ယာယီပိတ်ထားပြီး ဇန်နဝါရီ ၇ ရက်တွင် ပြန်ဖွင့်သည်နှင့် ဘုရားဖူးအတက်အဆင်းကားများ အန္တရာယ်မရှိစေရေးအတွက် အလောင်းတော်ကဿပဘုရား ဘုရားဖူးကားအသင်းများနှင့်တွဲကာ ကားများကို တစုတစည်းတည်း အတက်အဆင်း ဆောင်ရွက်ပေးကြောင်း အလောင်းတော်ကဿပဘုရား ဂေါပကဥက္ကဋ္ဌ ဦးအောင်ကိုလင်းက ပြောသည်။

**သန်းငွေအောင်(ကနီ)**



## ဖားကန့်မြို့နယ် ကျေးရွာအချို့၌ အချိန်အခါမဟုတ် မိုးရွာစဉ် မိုးသီးကြွေကျမှုဖြစ်ပွား

**ဖားကန့် ဇန်နဝါရီ ၇**

ကချင်ပြည်နယ် ဖားကန့်မြို့၌ ဇန်နဝါရီ ၆ ရက် နံနက် ၁ နာရီခန့်တွင် ဆိပ်မူကျေးရွာအုပ်စု ကျေးရွာအချို့တွင် ၁၀ မိနစ်ခန့် မိုးသည်းထန်စွာရွာသွန်းစဉ်အတွင်း မန်ကျည်းစေ့အရွယ်ခန့် မိုးသီးများ ကြွေကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ပြီး မိုးသီးများကြွေကျခဲ့သော်လည်း ကြီးမားပြင်းထန်သည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ ပလတ်စတစ်ကော်ပြားအကြည်အချို့နှင့် မိုးကာတဲအချို့သာ ပျက်စီးခဲ့ခြင်းဖြစ်ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးသီးကြွေကျခဲ့သော ကျေးရွာအချို့မှာ ဆိပ်မူကျေးရွာ၊ ဖားပြင်ကျေးရွာ၊ မမုံစံပြကျေးရွာနှင့် ယူမာကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**သထုံ ဇန်နဝါရီ ၇**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်မည့် အင်းဝိုင်းကြီးကျေးရွာနှင့် ယခင် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ သုံးရွာအား ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို သထုံခရိုင်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး သထုံမြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မာမာဆွေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း၊ ငွေစာရင်းပုံစံများ မှန်ကန်မှုရှိစွာ ဖြည့်သွင်းခြင်း၊ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်း စသည်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သန်းဦး**

## ပူတာအိုခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးဆောက်လုပ်ရန် မြေနေရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ပူတာအို ဇန်နဝါရီ ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးသစ်ဆောက်လုပ်ရန်အတွက် မြေနေရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် ကွင်းအမှတ်(၈၄) ကျွဲလူးအိုင်အနောက်ကွင်း အဆိုပါရုံးဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အဆိုပါခရိုင်ရုံးသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၄၆ သန်းဖြင့် အလျားပေ ၉၀၊ အနံ ၄၈ ပေ၊ အမြင့် ၂၄ ပေ အာရ်စီနှစ်ထပ်အဆောက်အဦကို တင်ဒါအောင်မြင်ခဲ့သည့် ဆွတ်ရိန်နော်ဆောက်လုပ်ရေးကုမ္ပဏီက ဇန်နဝါရီ ၇ ရက်မှစတင်၍ ဇူလိုင် ၇ ရက်အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပန္နက်တင်အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီနှင့် တာဝန်ရှိသူများက ပူတာအိုခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးဆောက်လုပ်မည့်မြေနေရာအား မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်နက် သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။



**ဖုန်ကန်(ပူတာအို)**

### ❒ ကျောဖုံးမှ

စံချိန် (၁:၀၉ ဒသမ ၄၅) မိနစ်၊ တတိယ သူရကျော် (မကွေး) စံချိန် (၁:၀၉ ဒသမ ၆၅) မိနစ်ဖြင့် လည်းကောင်း၊ အမျိုးသမီး (၉)ကီလိုမီတာအသင်းလိုက် စက်ဘီးပြိုင်ပွဲတွင် ပထမ မကွေးတိုင်းဒေသကြီး အသင်းစံချိန် (၁၃:၃၀ ဒသမ ၈၈) မိနစ်၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီး အသင်းစံချိန် (၁၄:၃၀ ဒသမ ၈၃) မိနစ်၊ တတိယ တနင်္သာရီတိုင်းဒေသကြီး စံချိန် (၁၅:၁၆ ဒသမ ၅၁) မိနစ်ဖြင့် လည်းကောင်း၊ အမျိုးသား (၁၅)ကီလိုမီတာအသင်းလိုက် စက်ဘီးပြိုင်ပွဲတွင် ပထမ မကွေးတိုင်းဒေသကြီး အသင်းစံချိန် (၁၉:၀၉ ဒသမ ၄၀)မိနစ်၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး အသင်းစံချိန် (၁၉:၁၆ ဒသမ ၃၅)မိနစ်၊ တတိယ မန္တလေးတိုင်းဒေသကြီးအသင်း စံချိန် (၁၉:၁၉ ဒသမ ၉၃) မိနစ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၉ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ အားကစားသမားအမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း အားကစားသမား ၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၇ နာရီ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်းတွင် (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❍ ၂၀၂၀ ရာသီမှ

MNL ယူ-၁၉လူငယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၁၀ ရက်၊ ယူ-၂၁ လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီအထိ လူငယ်လိဂ်ပြိုင်ပွဲများကို MNL ကလပ်အသင်းများအတွက် နှစ်ခု၊ MNL-2 ကလပ်အသင်းများအတွက် နှစ်ခုခွဲ၍ ကျင်းပခဲ့သော်လည်း ပွဲကစားခွင့်မှာနည်းပါးနေသောကြောင့် MNL နှင့် MNL -2 ကလပ်အသင်းများကိုပေါင်းကာ ယူ-၂၀ လိဂ်နှင့်ယူ-၁၈ လိဂ်တို့ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ရာသီ MNL ပြိုင်ပွဲတွင် ၁၂ သင်း၊ MNL-2 ပြိုင်ပွဲတွင် ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL-2 တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အသင်းသည် လူငယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သော်လည်း ယူ-၁၉ လိဂ်တွင် မြန်မာယူ-၁၆ လူငယ်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် လူငယ်လိဂ်ပြိုင်ပွဲများအနက် ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ၁၉ သင်း၊ ယူ-၁၉ လိဂ်ပြိုင်ပွဲတွင် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး တစ်သင်းလျှင် ၃၅ ပွဲအထက် ကစားရမည်ဖြစ်သည်။

၂၀၁၉ ရာသီတွင် ယူ-၁၉ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် MFF Youth အသင်းတို့ ဗိုလ်စွဲခဲ့သည်။ ယခုရာသီတွင် ပွဲပေါင်း ၄၀ နီးပါး ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အသင်းများအနေဖြင့် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာဖွယ်ရှိနေပြီး ချန်ပီယံဆုအတွက် အကြိတ်အနယ်ရှိလာဖွယ် ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



## အီရန်၏ ယဉ်ကျေးမှုနေရာများကို ပစ်မှတ်မထားရန် အမေရိကန်အား ယူနက်စကို သတိပေး

**ကုလသမဂ္ဂ ဇန်နဝါရီ ၇**

အီရန်၏ ယဉ်ကျေးမှုဆိုင်ရာနေရာများကို တိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ခြိမ်းခြောက်မှုကို ယူနက်စကိုက ပြင်းပြင်းထန်ထန်တုံ့ပြန်လိုက်သည်။

အီရန်ထိပ်တန်းတပ်မှူးတစ်ဦး သေဆုံးသည့်အတွက် အီရန်က လက်တုံ့ပြန်မည်ဆိုပါက အမေရိကန်က အီရန်၏ နေရာ ၅၂ နေရာကို တိုက်ခိုက်သွားမည်ဟု သမ္မတ ထရမ့်က တွစ်တာတွင် ရေးသားခဲ့သည်။ ယူနက်စကိုညွှန်ကြားရေးမှူးချုပ် အော်ဒရီအာဇူလေက ယူနက်စကိုဆိုင်ရာ အီရန်သံအမတ်နှင့် တနင်္လာနေ့တွင် တွေ့ဆုံခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများကြားတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုသည်နှင့် ကမ္ဘာ့ယဉ်ကျေးမှုနဲ့ သဘာဝအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုသည့် ပဋိညာဉ် နှစ်ချက်ကို အမေရိကန်ရောအီရန်ကပါ လက်မှတ်ရေးထိုးထားကြောင်း အော်ဒရီအာဇူလေက ပြောကြားသည်။

အဆိုပါပဋိညာဉ်များဟာ ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦ သို့မဟုတ် ကမ္ဘာ့အမွေအနှစ်နေရာကို ပစ်မှတ်ထားတိုက်ခိုက်မှုကို တားမြစ်ထားကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

သမ္မတ ထရမ့်က ယခုကဲ့သို့ ခြိမ်းခြောက်ပြောဆိုသည့်အတွက် အမေရိကန်ပြည်တွင်း၌လည်း အပြစ်တင်ခံနေရသည်။

အမေရိကန်က တိုက်ခိုက်မယ့် ပစ်မှတ်တွေဟာ "တရားဥပဒေနဲ့ညီညွတ်တဲ့ ပစ်မှတ်ဖြစ်ပြီး အမေရိကန်နိုင်ငံကို ခုခံကာကွယ်ရေးသက်သက် ရည်ရွယ်ချက်အတွက် ပစ်မှတ်ဖြစ်လိမ့်မယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြောခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

## မြန်မာနည်းပညာကုမ္ပဏီ 360 ed အား Nikkei သတင်းဌာနမှ ဆုချီးမြှင့်




**တိုကျို ဇန်နဝါရီ ၇**

မြန်မာနိုင်ငံမှ ပညာသင်ကြားသူများအတွက် Augmented Reality(AR)ခေါ် သုံးဖက်မြင် ရုပ်လုံးကြွနည်းပညာကို အသုံးပြုပြီး အွန်လိုင်းသင်ကြားသင်ယူမှုအထောက်အကူပြု အက်ပလီကေးရှင်းများ တီထွင်ထုတ်လုပ်နေသည့် မြန်မာနိုင်ငံမှ 360Ed ကုမ္ပဏီသည် ဂျပန်နိုင်ငံအခြေစိုက် Nikkei သတင်းဌာနမှ ချီးမြှင့်သည့် Nikkei Asian Review Award for Excellent ဆု ရရှိခဲ့သည်။

အဆိုပါဆုကို မြန်မာနိုင်ငံမှ 360 ed အဖွဲ့က ရရှိခဲ့ခြင်းဖြစ်သည်။ 360 ed or AR Flashcards နှင့် သင်ကြားသင်ယူမှုအထောက်အကူပြု အက်ပလီကေးရှင်းသည် သုံးဖက်မြင် ရုပ်လုံးကြွနည်းပညာကို အသုံးပြုထားသောထုတ်ကုန်များဖြစ်သည်။ အက်ပလီကေးရှင်းတစ်ခုတွင် သင်ကြားရန်အတွက် ကတ်ပြားဒါဇင်များစွာ ပါဝင်သည်။


ကတ်တစ်ခုစီသည် သင်ကြားမှုအထောက်အကူပြုစေရေးအတွက် သရုပ်ဖော်ပုံများနှင့် စနစ်တကျပြသထားသည့် သင်ကြားမှုအကြောင်းအရာများကို ထောက်ပံ့ပေးသည်။ ၎င်းတွင် ကြိုတင်ထည့်သွင်းတပ်ဆင်ထားသည့် သုံးဖက်မြင်ပုံရိပ်များ၏ ပုံရိပ်များကို စမတ်ဖုန်းများဖြင့် ရိုက်ယူနိုင်သည်။ ယင်း 360 ed အဖွဲ့အား တွဲဖက်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်မှာ ဒေါ်လှလှဝင်းဖြစ်ပြီး အသက် ၃၈ နှစ် ရှိပြီဖြစ်သည်။ ၎င်းသည် တစ်ချိန်က မန္တလေးမြို့တွင် အင်္ဂလိပ်စာ ဆရာမတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် ဟားဗတ်ကနေဒီကျောင်းမှ မဟာဘွဲ့ရရှိခဲ့သည်။

သူသည် ကယ်လီဖိုးနီးယားပြည်နယ် Singulority University ၌ ပညာရေးသင်တန်း တက်ရောက်ခဲ့သည်။

**ကိုးကား- Nikkei Asian Review**

**ဘာသာပြန်-ဇော်ဝင်း**

## အီရန်က အမေရိကန်တပ်ဖွဲ့ဝင်အားလုံးအား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်



**တီဟီရန် ဇန်နဝါရီ ၇**

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့်သီတင်းပတ်က အီရန်ထိပ်တန်းတပ်မှူး သေဆုံးမှုနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးအား အမည်ပျက်စာရင်းတင်သွင်းပြီး အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် ဥပဒေမူကြမ်းတစ်ရပ်ကို အီရန်ပါလီမန်က ယနေ့အတည်ပြုလိုက်ပြီဖြစ်ကြောင်း အီရန်သတင်းအေဂျင်စီ (IRNA)က ဖော်ပြထားသည်။

ဇန်နဝါရီ ၃ ရက်က ဘဂ္ဂဒက်လေဆိပ်အပြင်ဘက်ရှိ အမေရိကန်တပ်ဖွဲ့၏မောင်းသူမဲ့ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုတွင် အီရန်တော်လှန်ရေးအစောင့်တပ်၏ ပြည်ပစစ်ဆင်ရေးဌာနအကြီးအကဲ ကာဆမ်ဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများ အရှိန်မြင့်မားလာခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်အားလုံး၊ ပင်တဂွန်စစ်ဌာနချုပ်လက်အောက်ရှိ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား ဆိုလန်းမန်းနီ လုပ်ကြံသတ်ဖြတ်ရန်ရည်ရွယ်ပြီး ပြစ်မှုကျူးလွန်ခဲ့သူ အမေရိကန်တပ်မှူးများကို အီရန်ဥပဒေပြု လွှတ်တော်အမတ်များက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကာ အမည်ပျက်စာရင်း ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ထို့အတူ ယင်းတိုက်ခိုက်မှုအတွက် စစ်ဘက်၊ ထောက်လှမ်းရေး၊ ငွေကြေး၊ နည်းပညာ၊ဝန်ဆောင်မှု အစရှိသည့်နည်းလမ်းများဖြင့် အကူအညီပေးခဲ့သူများကိုလည်း အကြမ်းဖက်လုပ်ရပ်နှင့် ပူးပေါင်းဆောင်ရွက်သူများဖြစ်သည်ဟု အီရန်ပါလီမန်က ပြောကြားသည်။

ထို့အပြင် အီရန်ဥပဒေပြုလွှတ်တော်အမတ်များသည် ပြည်ပစစ်ဆင်ရေးတပ်ဖွဲ့၏ ကာကွယ်ရေး စွမ်းပကားမြှင့်တင်ရေးအတွက် ယူရို သန်း ၂၀၀(အမေရိကန်ဒေါ်လာ ၂၂၃ သန်း)ခန့် ခွဲဝေသတ်မှတ်ပေးရေးဆိုင်ရာ အဆိုကိုလည်း ဇန်နဝါရီ ၇ ရက်တွင် ပြုလုပ်သည့် ပါလီမန်အစည်းအဝေး အတောအတွင်းအတည်ပြုရန် သဘောတူခဲ့သည်။

အမေရိကန်ပြည်ထောင်စုက အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် အမည်ပျက်စာရင်းထဲ ထည့်သွင်းခဲ့ပြီးနောက် ယခုကဲ့သို့ အီရန်အစိုးရက ပင်တဂွန်စစ်ဌာနချုပ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်သည်ဟု အီရန်ထိပ်တန်းအမျိုးသားလုံခြုံရေးကောင်စီက ပြောကြားသည်။

ထို့အပြင် အီရန်ထိပ်တန်းအမျိုးသားလုံခြုံရေးကောင်စီသည် အနောက်အာရှဒေသဆိုင်ရာ အမေရိကန်၏ စစ်ဌာနချုပ်ကိုလည်း ၂၀၁၉ ခုနှစ် ဧပြီလက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**

## ဂျပန်ဝန်ကြီးချုပ် ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် အိုမန်တို့သို့ သွားမည်




**တိုကျို ဇန်နဝါရီ ၇**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်နေစဉ် ယခုလနောက်ပိုင်းတွင် အရှေ့အလယ်ပိုင်းရှိ နိုင်ငံသုံးနိုင်ငံသို့ အလည်အပတ်ခရီးသွားမည်ဖြစ်ကြောင်း သိရသည်။

**အလည်အပတ်ခရီးသွားမည်**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆော်ဒီအာရေဗျနိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် အိုမန်နိုင်ငံတို့သို့ အလည်အပတ်ခရီးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်တွင် ကျင်းပသည့် အာဏာရပါတီ၏ အမှုဆောင်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

**ကြိုးပမ်းလုပ်ဆောင်**

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသည့်အခြေအနေများကို နက်နက်ရှိုင်းရှိုင်း စိုးရိမ်ပူပန်ပါကြောင်းနှင့် ၎င်းအနေဖြင့် အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် သံတမန်ရေးဆိုင်ရာကြိုးပမ်းမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာ့ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်လာမှုနှင့်ပတ်သက်၍ ကုလအကြီးအကဲ သတိပေး

**နယူးယောက် ဇန်နဝါရီ ၇**

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံကြား ရန်လိုမုန်းတီးမှုများ မြင့်တက်လာမှုကြောင့် သက်ဆိုင်ရာ တိုင်းပြည်များက စိတ်ရှည်သည်းခံကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုလိုက်သည်။

**ဝရုန်းသုန်းကားအခြေအနေ**

ဂူတာရက်စ်က နယူးယောက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်၌ ထုတ်ပြန်ချက်တစ်ရပ်ကို ဖတ်ကြားခဲ့ပြီး အဆိုပါထုတ်ပြန်ချက်အတွင်း ပထဝီနိုင်ငံရေးတင်းမာမှုများ တစ်စတစ်စအရှိန်ပြင်းထန်လာမှု ရပ်တန့်ကြရန် ၎င်းက သက်ဆိုင်ရာတိုင်းပြည်များသို့ မေတ္တာရပ်ခံခဲ့သည်။ “နှစ်သစ်က ကျွန်တော်တို့ကမ္ဘာကြီးကို ဝရုန်းသုန်းကားအခြေအနေနဲ့ စတင်လိုက်ပါပြီ။ ကျွန်တော်တို့ အန္တရာယ်ကြီးမားတဲ့ အခြေအနေတွေမှာ နေထိုင်နေရပါတယ်”ဟု ဂူတာရက်စ်က ပြောသည်။ ပထဝီနိုင်ငံရေးတင်းမာမှုများမှာ ရာစုနှစ်အတွင်း အမြင့်ဆုံးအခြေအနေဖြစ်ပြီး လှိုင်းထန်မှု ပြင်းထန်လာနေကြောင်း ၎င်းက ဆိုသည်။

ဂူတာရက်စ်က မည်သည့်တိုင်းပြည်များကိုမျှ အမည်မဖော်ပြခဲ့သော်လည်း ပြောကြားသည့်အကြောင်းအရာက ပြီးခဲ့သည့်သီတင်းပတ်အတွင်း ထင်ရှားသော အီရန်တပ်မှူးဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီမှာ အမေရိကန်နိုင်ငံ၏ လုပ်ကြံသတ်ဖြတ်မှုခံရပြီးနောက် အမေရိကန်နှင့် အီရန်ကြားဖြစ်ပွားခဲ့သည့် တင်းမာမှုများကို ဆိုလိုပုံပေါ်သည်။ ကမ္ဘာပေါ်၌ မကြာသေးမီက တင်းမာမှုများ မြင့်တက်လာမှုနှင့်ပတ်သက်၍ များစွာစိုးရိမ်ပူပန်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းမှ ဦးဆောင်တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ်အဆက်အသွယ်ပြုလုပ်နေကြောင်း ဂူတာရက်စ်က ပြောသည်။

သူပြောချင်သည့်အကြောင်းအရာမှာ ရိုးရှင်းပြီး ရှင်းလင်းကြောင်း ဂူတာရက်စ်က ဆိုသည်။ “တင်းမာမှုများ ရပ်တန့်ကြပါ။ စိတ်ရှည်သည်းခံမှုတွေ ကျင့်သုံးပါ။ ဆွေးနွေးမှု ပြန်လည်စတင်ပါ။ ဒါဟာ စစ်ပွဲမဖြစ်အောင် ရှောင်ရှားနိုင်တဲ့ ကျွန်တော်တို့နဲ့ဆိုင်တဲ့ တာဝန်ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# ကင်ဂျုံအန်အား တောင်ကိုရီးယားသို့ လာရောက်လည်ပတ်ရန် သမ္မတ မွန်ဂျေအင်း ဖိတ်ခေါ်

**ဆိုးလ် ဇန်နဝါရီ ၇**

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှု တရားဝင်ရပ်ဆိုင်းထားမှုကို စွန့်လွှတ်ခဲ့လင့်ကစား တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက မြောက်ကိုရီးယားနိုင်ငံနှင့် ပိုမိုကောင်းမွန်သောဆက်ဆံရေး တည်ဆောက်လိုကြောင်း၊ ခေါင်းဆောင်ကင်ဂျုံအန်အနေဖြင့် ဆိုးလ်မြို့တော်သို့ လာရောက်လည်ပတ်နိုင်ကြောင်း ယနေ့ပြောကြားလိုက်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အာဏာရပါတီ၏ လေးရက်ကြာ အစည်းအဝေး၌ ကင်ဂျုံအန်က မဟာဗျူဟာမြောက် လက်နက်သစ်တစ်ခု ထုတ်ဖော်ပြသမည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် မွန်ဂျေအင်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးအစည်းအဝေး ကျင်းပပြီးနောက် တောင်ကိုရီးယားနိုင်ငံနှင့် မည်သည့်ဆွေးနွေးမှုမျှပြုလုပ်စရာမရှိဟု မြောက်ကိုရီးယားနိုင်ငံက ထပ်တလဲလဲ ပြောကြားခဲ့သည်။ “ဥက္ကဋ္ဌကင်ဂျုံအန်ရဲ့ အပြန်အလှန်ခရီးစဉ်အတွက် ရက်စောပြီး စီစဉ်နိုင်ဖို့ နှစ်နိုင်ငံစလုံးက အတူတကွ ကြိုးပမ်းမှုတွေ လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု နှစ်သစ်ကူးမိန့်ခွန်းအတွင်း မွန်ဂျေအင်းက ပြောကြားခဲ့သည်။ ကင်ဂျုံအန် ဆိုးလ်မြို့တော်သို့ လာရောက်ရန် ဖိတ်ကြားချက်က ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ပြုံယမ်းမြို့တော်၌ ကျင်းပခဲ့သည့် ခေါင်းဆောင်နှစ်ဦးကြား နောက်ဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲက စတင်သည်။

**ပူးတွဲကမ်းလှမ်းမှုတစ်ရပ် အဆိုပြု**

မွန်ဂျေအင်း၏ ဖိတ်ကြားချက်မှာ သဘာဝမကျဟု လေ့လာသူများက ပြောကြားခဲ့သည်။ “ကျွန်တော် မြောက်ကိုရီးယားနိုင်ငံနဲ့ တွေ့ဆုံပြီး ဆွေးနွေးလိုပါတယ်”ဟု တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် နာရီဝက်ကြာ မိန့်ခွန်းအတွင်း မွန်ဂျေအင်းက ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့သည် ဇူလိုင်လအတွင်းကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲ၌ ပေါင်းစည်းထားသော အားကစားအသင်းဖွဲ့စည်းရန် ဆွေးနွေးသင့်ကြောင်း ၎င်းကပြောသည်။ နှစ်နိုင်ငံစလုံးမှ အားကစားသမားများသည် လွန်ခဲ့သောနှစ်နှစ်က တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသည့် ပြောင်ချမ်း ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ၌ အတူတကွ ပါဝင်ဆင်နွှဲခဲ့သည့်အပြင် အခြား အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရန် ပူးတွဲအားကစားအသင်းများ ဖွဲ့စည်းခဲ့သည်။ ၂၀၃၂ ခုနှစ် နွေရာသီ အားကစားပြိုင်ပွဲ ပူးတွဲကျင်းပရန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့၏ ပူးတွဲကမ်းလှမ်းမှုတစ်ရပ်ကိုလည်း အဆိုပြုခဲ့သည်။

ထိုသို့ နွေရာသီအိုလံပစ်ပြိုင်ပွဲ ပူးတွဲကျင်းပရန် ကမ်းလှမ်းမှုက မိမိတို့ပြည်သူများမှာ တစ်သားတည်းဖြစ်ကြောင်း ကမ္ဘာကြီးကိုပြသနိုင်မည့် နှစ်နိုင်ငံစလုံးအတွက် ရွှေရောင်အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း မွန်ဂျေအင်းက ပြောသည်။ မြောက်ကိုရီးယားနိုင်ငံရှိ ခွန်ဂမ်တောင်သို့ တောင်ကိုရီးယားနိုင်ငံသားများ သွားရောက်လည်ပတ်မှု ပြန်လည်စတင်ရန်နှင့် ကေဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရန် တွန်းအားပေးလုပ်ဆောင်မည်ဟု ၎င်းကဆိုသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အီရန်ထိပ်တန်းတပ်မှူး၏ ဈာပနအခမ်းအနားအတွင်း လူအုပ်ပြိုကျမှုကြောင့် လူ ၃၅ ဦး သေဆုံး၊ အများအပြားဒဏ်ရာရရှိ

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်နိုင်ငံ၏ အရှေ့တောင်ဘက် ကာမန်မြို့တွင် ယနေ့ကျင်းပသော ကွယ်လွန်သူ အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ၏ ဈာပနအခမ်းအနားတွင် လူအုပ်ပြိုကျမှုတစ်ခုဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အီရန်သတင်းအေဂျင်စီ(IRNA)က ဖော်ပြထားသည်။

အဆိုပါ လူအုပ်ပြိုကျမှု၌ သေကျေဒဏ်ရာရရှိမှုကို အီရန်အရေးပေါ်ဌာနအကြီးအကဲ ပါဟိုစိန်ကိုလီဗန့်က အတည်ပြုထားသော်လည်း သေဆုံးသူနှင့်ဒဏ်ရာရရှိသူ ကိန်းဂဏန်းကိုမူ အတိအကျဖော်ပြခြင်းမရှိခဲ့ပေ။

ယင်းလူအုပ်ပြိုကျမှုအတွင်း သေကျေဒဏ်ရာရရှိသူဦးရေကို တရားဝင်ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ဒေသဆိုင်ရာ တချို့သောမီဒီယာများကမူ လူအုပ်ပြိုကျမှုတွင် လူ ၃၅ ဦး သေဆုံးပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။

အီရန်အစ္စလာမ်မစ် တော်လှန်ရေးအစောင့်တပ်၏ ပြည်ပစစ်ဆင်ရေးဌာန အကြီးအကဲ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီသည် ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ဇန်နဝါရီ ၃ ရက်က သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# ဟစ်ဇ်ဘိုလာခေါင်းဆောင်က အမေရိကန်တပ်ဖွဲ့ကိုတိုက်ခိုက်ရန် တိုက်ခိုက်ရေးသမားများအား တိုက်တွန်း

**ဘေရွတ် ဇန်နဝါရီ ၇**

အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ လက်တုံ့ပြန်သည့်အနေဖြင့် ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဆေယက်ဟာဆန်နာစရာလာက ၎င်း၏ တိုက်ခိုက်ရေးသမားများအား တိုက်တွန်းလိုက်သည်။

အီရတ်နှင့် မိမိတို့၏ဒေသတွင်းမှ အမေရိကန်တပ်ဖွဲ့ ထွက်ခွာရေးအတွက် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများအနေဖြင့် ဖိအားပေးသင့်ကြောင်း နာဆာရာလာက ဘေရွတ်မြို့တွင် ကျင်းပပြုလုပ်သည့် အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီနှင့် အခြားသေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲပွဲအခမ်းအနား၌ ထည့်သွင်းပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ခေါင်းတလားများဖြင့် ဒေသတွင်းမှ ၎င်းတို့၏ အမိမြေဆီသို့ပြန်သောအခါ သမ္မတဒေါ်နယ်ထရမ့်က အီရတ်နှင့် မိမိတို့၏ဒေသကို လက်လွှတ်ဆုံးရှုံးခဲ့ကြောင်း သိရှိလိမ့်မည်ဟု နာဆာရာလာက ထပ်လောင်းပြောကြားသည်။ အကယ်၍ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများအနေဖြင့် အမေရိကန်တပ်ဖွဲ့အပေါ် လက်တုံ့ပြန်မှုမလုပ်ခဲ့ပါက မိမိတို့ဒေသသည် အမေရိကန်နှင့် အစ္စရေးတို့၏ နောက်ထပ်တိုက်ခိုက်မှုများအတွက် တံခါးဖွင့်လှစ်ပေးမည့် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိသွားလိမ့်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## ဖားကန့်မြို့နယ်၌ မီးလောင်မှုကြောင့် တစ်ဦးသေဆုံး

**ဖားကန့် ဇန်နဝါရီ ၇**

ဖားကန့်မြို့နယ်တွင် ဇန်နဝါရီ ၆ ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် နံနက် ၆ နာရီ မိနစ် ၄၀ က ဖားကန့်မြို့နယ် မော်ဝမ်းအုပ်စု ရတနာမြေစာပုံကျေးရွာနေ အောင်သန်းစိုးသည် နေအိမ်အိပ်ခန်းအတွင်း ဖယောင်းတိုင်မီးထွန်း၍ အိပ်ပျော်ခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ဖားကန့်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၈ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အောင်သန်းစိုး၏ သွပ်မိုး၊ သွပ်ကာ မြေစိုက်နေအိမ်နှင့် ခေါင်းရင်းကပ်လျက်နေ သွပ်မိုး၊ ထရံကာ နှစ်ထပ်နေအိမ်အား မီးကူးစက်ခဲ့ပြီး နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ အောင်သန်းစိုးသည် မီးလောင်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်သန်းစိုးအား ဖားကန့်မြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

## ဟိုပုံးနှင့် ဖယ်ခုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၄၆ ဧကခန့် ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် ငိုချီးကျေးရွာ၏ အရှေ့ဘက် ၁ မိုင်ခန့်အကွာ၌ အမြင့် ၆ လက်မခန့် ဖွံ့ဖြိုးဆဲဘိန်းစိုက်ခင်း ၁၁ ဧက ခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘန့်ခူးကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင်ခန့်အကွာ၌ အမြင့် ၁ လက်မခန့် ဖွံ့ဖြိုးဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



## သထုံမြို့၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

**သထုံ ဇန်နဝါရီ ၇**

မွန်ပြည်နယ် သထုံမြို့ မြေနီကုန်းစိုက်ပျိုးရေးကျောင်းရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၇/၀)နှင့် (၁၄၆/၁)အကြား၌ ဇန်နဝါရီ ၆ ရက်ည ၁၂ နာရီခွဲခန့်က ရန်ကုန်မှ သထုံသို့ ယာဉ်မောင်း ဦးစိန်သန်း ကုတင်ကျေးရွာ လှည်းကူးမြို့နယ်နေသူ မောင်းနှင်သော ၁၂ ဘီးယာဉ်သည် ရှေ့ဘီးတာယာပွင့်ထွက်သဖြင့် လမ်းဘေးချ ရပ်တန့်ထားစဉ် မျိုးသန့်ဇော်(ခ)အငယ်လေး အောက်ကျင်းရပ်ကွက် သထုံမြို့နေသူ မောင်းနှင်လာပြီး ဝင်းတင့် ညောင်ဝိုင်းလမ်း သိမ်ကုန်းရပ်ကွက် သထုံမြို့နေသူ လိုက်ပါလာသော ဘေးတွဲဆိုင်ကယ်က တာယာပွင့်ထွက်၍ ဝင်တိုက်မိကာ ဘေးတွဲဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသူ ဦးဝင်းတင့်မှာ ဒဏ်ရာများရကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘေးတွဲဆိုင်ကယ် ယာဉ်မောင်း မျိုးသန့်ဇော်(ခ) အငယ်လေးအား သထုံမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

## ဆီဆိုင်၊ တာချီလိတ်၊ နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီက ဆီဆိုင်မြို့နယ်၊ ဆီဆိုင်-ဆိုက်ခေါင် သွားလမ်း၊ နမ်းသြကျေးရွာအဝင်တွင် ကိုထွန်း မောင်းနှင်ပြီး မလှယဉ်အေး လိုက်ပါလာသော ယာဉ်ကို စစ်ဆေးရန်ရပ်တန့်စဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ဆီဆိုင်မြို့အဝင် ကောင်းမှုဗွာကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့ပြီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(က) ဆန်ဆိုင်းကွက်သစ်(၉)လမ်း အမှတ်(၇/၇)ရှိ ဂျော်နီထွေး၏နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၄၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ယာဉ်တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ ည ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၃)ရပ်ကွက်ရှိ ရော်ဘာတောအနီး အမှတ်(၁၃)ရပ်ကွက်- အမှတ်(၈)ရပ်ကွက်သွားလမ်းတွင် ကျန်းအားချန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## လောင်းကစားပြုလုပ်သူများအား ရမည်းသင်းမြို့နယ်၌ ဖမ်းဆီးရမိ

**ရမည်းသင်း ဇန်နဝါရီ ၇**

ရမည်းသင်းမြို့နယ်တွင် ခြောက်ကောင် (အန်ဂလုံ) လောင်းကစားပြုလုပ်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက်မွန်းလွဲပိုင်းက ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်သူရ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ရွာတန်းသဲကျွန်းအုပ်စု ကျီးအင်းကျေးရွာ ယာမြေတွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ အဆိုပါ ကျီးအင်းကျေးရွာ ယာမြေတွင် စိန်တိုးပါ ငါးဦးမှာ ခြောက်ကောင်(အန်ဂလုံ) လောင်းကစားပြုလုပ်နေသည်ကို တွေ့ရှိပြီး အခင်းဖြစ်နေရာတွင် လောင်းကစားကိရိယာများ၊ လောင်းကြေးငွေစက္ကူရောရာ ၅၉၂၀၀ နှင့်အတူ ဆိုင်ကယ် ၁၅ စီးတို့အား ဖမ်းဆီးရမိသဖြင့် စိန်တိုးပါ ငါးဦးအား ရွာတန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ

**မီး သတိပြု**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် မဲကင်ဂူကြိုးဝိုင်းနှင့် လွယ်ပွတ်ကြိုးဝိုင်းအတွင်းတို့မှ တရားမဝင် ပိတောက်/ကျွန်းခွဲသားဆိုဒ်စုံ ၁၇ ဒသမ ၂၈၇၀ တန်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သုံးခွမြို့နယ် အရှေ့တောင်ဘက် (၁၈)မိုင်ခန့်အကွာ နေရာ၌ စက်လှေနှစ်စင်းပေါ်မှ ပိတောက်ခွဲသား ၃၅ ဒသမ ၉၇၂၆ တန်ကိုလည်းကောင်း။


စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် နန်းသီရွာအနီး လယ်ကွင်းအတွင်းမှ တရားမဝင်ကျွန်းခွဲသား ၄ ဒသမ ၀၇၈၈ တန်၊ ဟုမ္မလင်းမြို့နယ် တုံစီကျေးရွာ၏ အနောက်ဘက် လေးမိုင် ခွဲခန့်အကွာ၊ နတ်နန်း - ရွှေပြည်အေးကားလမ်း တောင်ဘက် နေရာမှ တရားမဝင် အင်သစ်/ခွဲသား ၁၁ ဒသမ ၈၁၄၆ တန်နှင့် လုံးပတ် သုံးပေအောက် အင်သစ် ၁ ဒသမ ၅၉၂၆ တန်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ညောင်ပင်ကွင်းကျေးရွာအနီးမှ တောင်သရက်ခွဲသား ၁၇ ဒသမ ၆၀၄၄ တန်၊ လားရှိုး-မူဆယ်လမ်းမကြီးဘေး မိုင်းလီရွာဟောင်းအနီး၊ မိုင်တိုင်အမှတ်(၁၉၄/၃) ယာဉ်တစ်စီးပေါ်မှ တရားမဝင် တမလန်း/ပိတောက် ခေးရွှေ/ခွဲသား သုည ဒသမ ၂၉၆၂ တန်ကို လည်းကောင်း။



ချင်းပြည်နယ် မတူပီ-ဟားခါး ကားလမ်း မိုင်တိုင်အမှတ် (၁၆၉/၆) နှင့် (၁၆၉/၇)အကြား ယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါးချပ် ၉၅ ချပ် ၁ ဒသမ ၀၀၄၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ ပုသိမ်-သာပေါင်း ကားလမ်းဘေး၊ ဇီးဖြူကွင်းကျေးရွာ အနီးတွင် ယာဉ်နှစ်စီးပေါ်မှ ဘောင်ဆန့်/ တောင်သရက်/ သစ်ပုတ် ခွဲသား ၄ ဒသမ ၃၄၉၉ တန်နှင့်အတူ တရားခံလေးဦး၊ ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ်အာရှလမ်းမဘေး ယာဉ်ပေါ်မှ တရားမဝင် တောင်သရက်ခွဲသား ၇ ဒသမ ၉၅၅၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦးတို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ညီညီသန်း(နေပြည်တော်)

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Only JCI Accredited Hospital In Myanmar
အရိုးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးတို့အတွက် နိုင်ငံတကာအတွေ့အကြုံရှိ
စင်ကာပူနိုင်ငံမှအရိုး၊အကြော၊အဆစ်နှင့်ထိခိုက်ဒဏ်ရာခွဲစိတ်အထူးကုဆရာဝန်ကြီး Prof Sarbjit Singh သည်
ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ကုသပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဇန်နဝါရီလ(၁၇)ရက်မှ(၂၀)ရက်နေ့ထိ
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇
Facebook Pun Hlaing Siloam Hospitals



# ပထမအကြိမ်မှသည် အနာဂတ်အောင်မြင်မှုဆီသို့

ဘုန်းမြတ်ခေါင်

ပထမအကြိမ်နိုင်ငံတကာဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံဘာသာရပ်များဆိုင်ရာညီလာခံ (The 1st International Conference on Language and Humanities) ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက် နှစ်ရက်တိုင် ကျင်းပခဲ့သည်။

ညီလာခံသို့ ပြည်တွင်း ပြည်ပ ပညာရှင်များတက်ရောက်ကြပြီး ပြည်ပပညာရှင် ကိုးဦး၊ ပြည်တွင်း ပညာရှင် ၃၇ ဦးတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ သုတေသနစာတမ်းများ ရွေးချယ်ရာတွင် အရည်အသွေးကို အဓိကထား ရွေးချယ်ပြီး ပြည်ပပညာရှင်များ တင်သွင်းလာသော သုတေသနစာတမ်း ၂၇ စောင်မှ ကိုးစောင်၊ ပြည်တွင်းပညာရှင်များတင်သွင်းလာသော စာတမ်း ၁၂၀ ကျော်မှ ၃၇ စောင်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ ရွေးချယ်မှုကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပညာရှင်များက စနစ်တကျရွေးချယ်ခဲ့ကြသည်။ စာတမ်းများကိုလည်း နိုင်ငံတကာကလက်ခံသည့် စံသတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ထုတ်ဝေပြီးလည်းဖြစ်သည်။



ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်



Prof. Leslies Barratt



Ms. Geraldine Mark



ဒေါက်တာစံစံနှင်းထွန်း



ပါမောက္ခ ဒေါက်တာစိုးသန်း



Mathias Jenny

မြန်မာနိုင်ငံ၌ လိုအပ်လျက်ရှိသော သုတေသနဆောင်ရွက်မှုများကို နိုင်ငံတကာအဆင့်မီအောင် ပထမဆုံးအကြိမ် အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများကို ညီလာခံအတွင်း ပညာရှင်များအား မေးမြန်းကြည့်ခဲ့ရာ –

**ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်**က " ညီလာခံကို ကဏ္ဍသုံးခုနဲ့ ကျင်းပတာပါ။ အဓိက ပညာရပ်ဆိုင်ရာအမှာစကားပြောကြားတယ်။ သုတေသနစာတမ်းတွေ ဖတ်ကြားတယ်။ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပတယ်။ နိုင်ငံတကာက ပညာရှင်တွေနဲ့ ပြည်တွင်းက သူတွေ တွေ့ဆုံပြီးတော့ ဘာတွေဆက်လုပ်နိုင်မလဲ၊ ဘာတွေလုပ်ရမလဲဆိုတဲ့မေးခွန်းတွေ၊ ကိုယ့်ဘာသာကိုယ်ဝင်လာကြပြီး ကိုယ်လုပ်နိုင်တဲ့ စိတ်ကူးတွေ ပေါ်လာစေချင်ပါတယ်။ တစ်ဦးချင်းအနေနဲ့ ဘာဆက်လုပ်ကြမယ်ဆိုတာ ဒီညီလာခံမှာ ပြောတာတွေ နားထောင်ပြီး ပေါ်လာကြစေလိုတာပါ။ ကျွန်တော့် ကျောင်းအတွက်လည်း အစီအစဉ်တွေ ပေါ်လာပါတယ်။

ညီလာခံပြီးနောက်ပိုင်းမှာ ပညာရှင်တွေနဲ့ ဆွေးနွေးခဲ့တာတွေ လုပ်ငန်းအနေနဲ့ အကောင်အထည်ဆက်ဖော်မယ်။ နောက်တစ်ခုကတော့ ဒီလိုညီလာခံမျိုးကို နှစ်နှစ်တစ်ကြိမ်လုပ်နိုင်အောင် ကြိုးစားမယ်။ ဒီညီလာခံက ပထမဆုံးအကြိမ် ကျင်းပတာမို့ ပြင်ဆင်ချိန် တစ်နှစ်ခွဲ နှစ်နှစ်နီးပါးမှာ တော်တော်လေး ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရပါတယ်။ တက္ကသိုလ်ရဲ့ အစဉ်အလာအဖြစ် ပညာရှင်တွေကို အလှည့်ကျဖိတ်ပြီး ဆက်လုပ်သွားဖို့ ကြိုးစားမယ်။

ဘာသာစကားနဲ့ပတ်သက်ပြီး ဆောင်ရွက်ရမယ့်အရာတွေဆက်လုပ်ဖြစ်ပါမယ်။ ဥပမာ ဝေါဟာရဘဏ်လိုမျိုးတွေပါ။ နောက် မြန်မာနိုင်ငံပြင်ပ နိုင်ငံခြားတက္ကသိုလ် ၅၀ လောက်မှာ မြန်မာစာဌာနဖွင့်လှစ်ပြီး သင်ကြားနေကြပေမယ့် မြန်မာလူမျိုး မြန်မာစာသင်ပေးတဲ့ ဆရာ ဆရာမက နည်းပါးနေတယ်။ အဲဒါကိုလည်း ပိုမိုတိုးတက်လာအောင်လုပ်မယ်။ နောက် နိုင်ငံခြားသား မြန်မာစာ သင်ကြားရာမှာလည်း ဘယ်လိုသင်ကြားကြမယ်ဆိုတာ သုတေသနလုပ်ထားမှု ရှားပါးနေတယ်။ အဲဒါကိုလည်း မကြာခင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ဆရာဒေါက်တာအောင်မြင့်ဦးတို့ ဆရာကြီး ဦးခင်အေးတို့နဲ့ ခေါင်းဆောင်ပြီး လုပ်ဖို့ရှိပါတယ်။ မြန်မာနိုင်ငံက အခုအင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့်မှာ ကမ္ဘာပေါ်မှာ အဆင့်တော်တော်နိမ့်ပါတယ်။ တက္ကသိုလ်တွေမှာ အင်္ဂလိပ်စာ သင်ပေးပေမယ့် အားနည်းတယ်။ ရေးတတ်ခဲ့ရင်လည်း ပရော်ဖက်ရှင်နယ် မဆန်ဘူးဖြစ်နေတယ်။ ဒါကြောင့် ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး ပြောဆိုဖို့၊ ငြင်းခုံဖို့၊ အခမဲ့ ပေးနေတဲ့ ပညာ၊ သတင်းအချက်တွေကို ရယူအသုံးပြုဖို့ ခက်ခဲ နေပါတယ်။ ဒါကို ဘယ်လိုဖြေရှင်းနိုင်မလဲဆို တာ သုတေသနများပြုလုပ်နည်းလမ်း ရှာဖွေဖော်ထုတ်သွားပါမယ်"ဟု ပြောကြားသည်။

ညီလာခံမှာ အဓိက ပညာရပ် ဆိုင်ရာ အမှာစကားပြောကြားသူ **Prof. Leslies Barratt, Indiana State University, USA** က "ညီလာခံကနေ အကျိုးကျေးဇူးသုံးမျိုးရပါတယ်။ ညီလာခံမှာ တက်ရောက်ကြတဲ့သူ အချင်းချင်း တွေ့ခွင့်ရပြီး ဆက်သွယ်ခွင့်ရတယ်။ ချိတ်ဆက်ခွင့်တွေရတဲ့အတွက် အကျိုးများပါတယ်။ ဘာသာရပ်ဆိုင်ရာလာရောက်ဟောပြောသူများက ပညာရပ်ဆိုင်ရာ ဟောပြောတာသာမက စဉ်းစားတတ်တဲ့ အလေ့အကျင့်ပါရအောင် လုပ်ပေးတာလည်း အကျိုးများပါတယ်။ ဘာသာစကားတွေနဲ့ နေ့စဉ် ကြုံတွေ့နေရတဲ့အခါမှာ ကိုယ်ကိုယ်တိုင် ကြုံတွေ့နေရတာကနေ ဘာသာစကားတစ်ခုကို ဘယ်လိုလေ့လာမလဲဆိုတာ ဖလှယ်ဖို့ အခွင့်အရေးရခဲ့ပါတယ်။ နောက်နှစ်ပတ်လောက်မှာ မန္တလေးရတနာပုံတက္ကသိုလ်မှာ ဆရာ ဆရာမများကို သင်ကြားရေးဆိုင်ရာ သင်ပေးဖို့ရှိပါတယ်။ နောက်ပိုင်းတွေမှာလည်း မြန်မာဘက်က လိုအပ်လို့ ပြောလာရင် ကူညီပေးဖို့ အသင့်ရှိနေပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပညာသင်ကြားတဲ့အခါမှာ တက်ကြွနေဖို့လိုပါတယ်။ ဆရာ ဆရာမ သင်ပေးတာကို စောင့်နေဖို့မလိုပါဘူး။ ကိုယ်တိုင်က တက်ကြွပြီး လေ့လာလိုစိတ်ပြင်းပြရပါမယ်။ အခုဆို ကျွန်မ မြန်မာလို အသီးတွေကို ဘယ်လိုခေါ်သလဲ လေ့လာသင်ယူနေပါတယ်။ ကိုယ်တိုင် သင်ယူလိုစိတ် ပြင်းထန်ရမှာဖြစ်သလို သင်ယူပြီးတာကိုလည်း ပြန်လည်အသုံးချရပါမယ်" ဟု ပြောကြားသည်။

ညီလာခံမှာ အဓိက ပညာရပ်ဆိုင်ရာ အမှာစကားပြောကြားသူ **Ms. Geraldine Mark, Author of English Grammar Today , Cambridge University Press, UK** က "မြန်မာနိုင်ငံမှာ အခုညီလာခံကိုကြည့်လိုက်ရင် အားလုံးက သိချင်တတ်ချင်စိတ်ရှိကြတယ်။ ဒါက သဘောကျစရာအချက် ဖြစ်ပါတယ်။ ဒီလိုပဲ အခုလို လာခဲ့ရလို့ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ဘာသာစကားကို ထိတွေ့ခွင့်ရတဲ့အတွက် အလွန်အကျိုးရှိပါတယ်။ ဒီညီလာခံပြီးရင် ဘာသာရပ်ဆိုင်ရာ သိချင်တာတွေ ရှိရင် အလုပ်ရုံဆွေးနွေးပွဲဖြစ်ဖြစ် လုပ်ရင်ပြောပြပေးဖို့ရှိပါတယ်။ ဒီလိုပဲ မြန်မာဘာသာ သင်ကြားမှုပုံစံတွေကို လေ့လာသွားချင်ပါတယ်။ မြန်မာနိုင်ငံက ပညာရေးဆိုင်ရာ အကြောင်းကိုတော့ သေချာမသိသေးတော့ ဆွေးနွေးသွားကြရင်း သိလာတဲ့အခါမှာ အကြံဉာဏ် အကူအညီတွေပေးသွားဖို့တော့ ရှိပါတယ်။ အခုလို ညီလာခံဖြစ်လာဖို့ အချိန်တွေယူ၊ အလုပ်တွေ အများကြီး လုပ်ပြီးဖြစ်လာတာပါ။ အလွန်ပဲ ဂုဏ်ယူမိပါတယ်" ဟု ဆိုသည်။


စကားဝိုင်းဆွေးနွေးပွဲတွင် အဓိကဆွေးနွေးသူအဖြစ် ပါဝင်သော **ဒေါက်တာစံစံနှင်းထွန်း**က " ကျွန်မက မြန်မာနိုင်ငံမှာ မဟာဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာအဓိကနဲ့ အောင်ပြီးတော့ နိုင်ငံခြားကို ပညာသင်ဖို့ သွားခဲ့ပါတယ်။ အဲဒီမှာ လူလိုတာနဲ့ မြန်မာစာဆရာမအနေနဲ့ စလုပ်ပါတယ်။ အခုဆို အနှစ် ၃၀ နီးပါးလောက်ရှိပါပြီ။ အခုထိ ကိုယ်တိုင်လည်း ပညာသင်ယူ နေဆဲပါ။ ပညာဆည်းပူးတယ်ဆိုတာ ဘယ်တော့မှ ရပ်လို့မရပါဘူး။ အခုလို ညီလာခံမှာ လူငယ်တွေ စာတမ်းတွေ ဖတ်ကြတာ အလွန်ကောင်းပါတယ်။ သူတို့အတွက် အခုလို အခွင့်အရေးရတာ ကောင်းပါတယ်။ ပညာသင်တယ်ဆိုတာ များများထိတွေ့လေ၊ ပိုသိချင်စိတ်ပေါက်လေပါ။ မြန်မာနိုင်ငံက လူတွေအနေနဲ့ နိုင်ငံခြားမှာ ဘာလုပ်နေတယ်ဆိုတာ သိဖို့လိုပါတယ်။ သိရုံနဲ့ မဟုတ်ပါဘူး။ သူတို့လုပ်နိုင်သလို ကိုယ်ဘယ်လို လုပ်နိုင်တယ်ဆိုတာ ရှာဖို့ပါ။ သူတို့က လုပ်နိုင်ရင် ကိုယ်လည်း လုပ်နိုင်တယ်ဆိုတာ ဖြစ်စေချင်တာပါ။ မြန်မာနိုင်ငံအနေနဲ့ကတော့ သုတေသနပိုင်းမှာ အားနည်းနေတာတော့ ရှိပါတယ်။ ဒီမြန်မာကလူတွေ နိုင်ငံတကာမှာ လုပ်နိုင်စွမ်းက လူပေါ်ပဲ မူတည်ပါတယ်။ ဖွဲ့ရှိရပါမယ်" ဟု ပြောကြားသည်။

သုတေသန စာတမ်းဖတ်ပွဲ အားကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးသော **ပါမောက္ခ ဒေါက်တာ စိုးသန်း**က "အခု ညီလာခံကတော့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အတွက်ကတော့ ပထမဆုံး နိုင်ငံတကာညီလာခံပါ။ အရင်ကလည်း ဒီလိုလာပြီး အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပေးရဖူးပါတယ်။ ဒီလို နိုင်ငံတကာအဆင့်ကတော့ ပထမဆုံးအကြိမ်ပါ။ စိတ်ဝင်စားမှုက အားရစရာ ကောင်းပါတယ်။ ဒီညီလာခံမှာက ကျောင်းသားကြီးတွေ၊ တက္ကသိုလ်မှာ သင်နေတဲ့ ဆရာ ဆရာမတွေအတွက် ပိုပြီးအကျိုးများပါမယ်။ လက်တွေ့ အသုံးကျပါမယ်။ သူတို့ ပိုပြီးတော့ အမြင်ကျယ် မျက်လုံးပွင့်လာစေပါမယ်။ ကျွန်တော်က ဘန်ကောက်မှာ စာသင်ပါတယ်။ အခုဆို ၂၆နှစ်ရှိပါပြီ။ ဒီမှာ ပြင်ပအသိပညာရှင်တစ်ယောက်အနေနဲ့ လာပြီးတော့ ဆောင်ရွက်ပေးနေတာပါ။ ကျောင်းသား ကျောင်းသူတွေအနေနဲ့က ကိုယ့်တာဝန်ကိုယ်ယူဖို့ လိုပါတယ်။ ဆရာသင်တာကို မိဘတွေပြောမှ လုပ်တာမျိုးမဟုတ်ဘဲ သင်ယူဖို့ပါ။ လေ့လာဖို့ပါ။ အထက်တန်းကျောင်းသားတွေ မဟုတ်တော့ဘဲ တက္ကသိုလ်ကျောင်းသားတွေဖြစ်လာတာမို့ ကိုယ့်ဘာသာ အချိန်စာရင်းနဲ့ လုပ်သင့်ပါတယ်။ ကျောင်းသားတိုင်းမှာ သင်ကြားရေးအတွက် ရည်မှန်းချက်တွေချပြီး လုပ်ရပါမယ်။ ဒီနှစ်မှာ ဘာတွေရအောင် လုပ်မယ်။ ဘာတွေကို ဘယ်နှနှစ်နဲ့ ရအောင်သင်မယ်ဆို့ ရည်မှန်းချက်ထားပြီး လုပ်ရပါမယ်။ အဓိက Why ဆိုတဲ့ မေးခွန်းကို မေးရပါမယ်" ဟု ပြောကြားသည်။

ညီလာခံတွင် စာတမ်းဖတ်ကြား တင်သွင်းသည့် **Mathias Jenny** က "မြန်မာနိုင်ငံ တက္ကသိုလ်တွေအနေနဲ့ အခုမှ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လုပ်ကြတာမို့ ဒါမျိုးတွေ ပိုပြီးတော့ လုပ်ဖို့လိုပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ သုတေသန သိပ်မလုပ်ကြဘူး။ အတွေ့အကြုံတွေ အများကြီး လိုနေပါသေးတယ်။ ကျောင်းမှာပဲ သင်ကြတယ်။ အပြင်မှာ သိပ်မလုပ်ကြဘူး။ အဲဒီတော့ အတွေ့အကြုံမရှိတော့ လုပ်ဖို့ပိုပြီး ခက်နေပါတယ်။ ကျွန်တော်တို့ကတော့ ကျောင်းသား ကျောင်းသူများကို သုတေသန ဘယ်လိုလုပ်ရမလဲဆိုတာ သင်ကြားပေးစေလိုပါတယ်။ အခွင့်အရေးရရင်လည်း သင်ကြားပေးချင်ပါတယ်။ အခု ညီလာခံမှာ " The role of multilingualism in the formation of language and society" ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းဖတ်ကြားခွင့်ရခဲ့ပါတယ်။ ဘာသာစကားက တစ်ခုနဲ့ တစ်ခု ဆက်သွယ်မှုရှိပြီး တဖြည်းဖြည်း ပြောင်းလဲသွားတယ်။ ဥပမာ မြန်မာဘာသာစကားဆိုရင် မွန်နဲ့လည်းဆက်တယ်။ ရှမ်းနဲ့ ဆက်တယ်။ မြန်မာစကားကို အသုံးပြုပေမယ့် နေရာဒေသပေါ်မူတည်ပြီး နည်းနည်းကွာခြားသွားတာမျိုးတွေ ရှိပါတယ်။ ဒါကို သုတေသနပြုထားတာပါ" ဟု ပြောကြားသည်။

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဦးဆောင်ကျင်းပသည့် ပထမအကြိမ် နိုင်ငံတကာ ဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံဘာသာရပ်များဆိုင်ရာ ညီလာခံမှာ ဇန်နဝါရီ ၇ ရက် ညနေတွင် အောင်မြင်စွာ ပြီးစီးခဲ့သော်လည်း မြန်မာနိုင်ငံအတွက် ပညာရေးဆိုင်ရာ သုတေသန ခရီးကတော့ ရှေ့ဆက်ပြီး ပိုမိုတိုးတက်မှုရရှိဖို့ ပထမအကြိမ်မှသည် အနာဂတ်အောင်မြင်မှုဆီသို့ လျှောက်လှမ်းနေကြရဦးမည် ဖြစ်ပါတော့သည်။ ။

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော် (လပွတ္တာ) ဖွင့်ပွဲတက်ရောက်



**လပွတ္တာ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိရာ (၁၅) ကြိမ်မြောက် ကလေးစာပေပွဲတော်(လပွတ္တာ) ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ စိုက်ပျိုးရေး မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူရည်ချွန်များနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က စဉ်ဆက်မပြတ်တိုးတက်မှုရလဒ်များ ရရှိစေရန် ကလေးများနှင့် လူကြီးမိဘများကလည်း စီမံချက်ကောင်းတွေ ချမှတ်ဆောင်ရွက်ကြဖို့လိုကြောင်း၊ ဤပွဲတော်မှစ၍ လေ့လာမှတ်သားစရာများကို လေ့လာမှတ်သားကြပြီး နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို ဆောင်ရွက်နိုင်မည့် သားကောင်း သမီးမွန်များဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများ၏ ပညာရေးပြခန်း၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြခန်း၊ ကြက်ခြေနီပြခန်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံပြခန်း၊ စည်ပင်သာယာရေးအဖွဲ့ပြခန်းနှင့် ကလေးငယ်များ၏ ပုံပြော၊ ကဗျာရွတ်၊ ကျပန်း စကားပြောပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ကလေးစာပေပွဲတော်သို့ ပါဝင်ဆင်နွှဲကြသော ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက GTI ကျောင်း၏ ပြခန်းအား သဘောကျနှစ်သက်ကြကြောင်း သိရသည်။

"ကလေးစာပေပွဲတော် " စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (လပွတ္တာ) ကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ - အောင်မင်း၊ဝင်းကျော်မြင့်၊ လွှမ်းသီဟ၊ ချစ်သက်လယ်၊ အောင်အောင်**

## ကလေးစာပေပွဲတော် (ကန့်ဘလူ)၌ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ကန့်ဘလူ ဇန်နဝါရီ ၇**

ကလေးစာပေပွဲတော်(ကန့်ဘလူ) ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်သို့လာရောက်သည့် ကလေးငယ်များ အသိပညာဗဟုသုတတိုးပွားစေမည့် အသိပညာပေး ပြခန်းပေါင်း ၁၆ ခန်း ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များတွင် စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်း အပြန်အလှန်ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ပွဲတော်အတွင်း စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းကစားနည်းပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာရာဂိုးသွင်းပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကန့်ဘလူမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ပါဝင်တင်ဆက်သွားမည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြီး ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား ခြင်းအလှခတ်၊ ရုပ်သေးအကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတနှင့် အရည်အသွေးပါပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူများဖြစ်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ရေသန့်စက်ရုံဖွင့်ပွဲ တက်ရောက်



**မကွေး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံသာကြီးကျေးရွာ၌ ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံ ကျေးလက်နေလူဦးရေ၏ ၆၈ ရာခိုင်နှုန်းခန့်သာ သန့်ရှင်းသောသောက်သုံးရေကို ရယူသုံးစွဲနိုင်သေးသည့်အတွက် နိုင်ငံတော်အနေဖြင့် လူတိုင်း သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေပေးရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) မှ တာဝန်ရှိသူတစ်ဦးက ရေသန့်စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေသန့်များကို ကန်သာကြီးကျေးရွာနှင့် ခြောက်မိုင်ဧရိယာအတွင်းရှိ ကန်သာလေးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ဒေါင်းနေကျေးရွာနှင့် ကန်ပြားကျေးရွာများကို ၂၀ လီတာရှိ ရေသန့်ဘူး တစ်ဘူးကို ငွေကျပ် ၄၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရေသန့်ဝယ်ယူ သောက်သုံးသည့် ကျေးရွာများရှိ အခြေခံပညာ မူလတန်း အဆင့် ကျောင်းများကို ရေသန့်များ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မကွေး ဝင်းမောင်**

## ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူအသစ် လာရောက်လဲလှယ်သူများပြား

**ကျိုက် မရော ဇန်နဝါရီ ၇**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းမှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသစ်ထုတ်ဝေလိုက်သည့် ဗိုလ်ချုပ်အောင်ဆန်းပုံပါ တစ်ထောင် ကျပ်တန်ငွေစက္ကူ အသစ်အားလာရောက်လဲလှယ်သူ ပြည်သူများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ပြည်သူများထံ ဖြန့်ဝေလဲလှယ်ပေးမည့် သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ပုံပါ တစ်ထောင်ကျပ်တန်ငွေစက္ကူများအပေါ် စိတ်ဝင်စားမှုမြင့်တက်လာကာ လာရောက်လဲလှယ်ကြသူများပြားလွန်းသဖြင့် လူတိုင်းရရှိစေရန် အကန့်သတ်ဖြင့် လဲလှယ်ပေးနေရကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူက ငွေစက္ကူလာရောက်လဲလှယ်သူများအား ရှင်းပြသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## ကလေးငယ်များနှင့်မိခင်များအား ကာကွယ်ဆေးထိုးနှံပေး

**ဂန့်ဂေါ ဇန်နဝါရီ ၇**

တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆေးတိုက်ခြင်းကို ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနက ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပြင်းထန်တီဘီရောဂါ၊ အဆုတ်ရောင်(ပီစီဗီ)၊ ပိုလီယိုရောဂါ ကာကွယ်ဆေး၊ ဝက်သက်- ဂျိုက်သိုးစသည့် ထိုးဆေးများကို တစ်နှစ်ခွဲအောက်ကလေးငယ်များအား ဆေးထိုး၊ ဆေးတိုက်ခြင်းပြုလုပ်ပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဆရာမ ဒေါ်လှဲ့လှဲ့ခိုင်က ပြောသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

## ဗီဒီယိုသတင်းရိုက်ကူး တည်းဖြတ်ပေးပို့ခြင်း သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၇**

ပြည်သူများသတင်းမှန်ကိုသိရှိစေရန်၊ သတင်းများအားအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ရည်ရွယ်၍ ဗီဒီယိုသတင်းရိုက်ကူး တည်းဖြတ်ပေးပို့ခြင်း သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့် (သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ) က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးအောင်တင့်ထွန်းက မိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်ထိဖြစ်ကာ ဗီဒီယိုသတင်း ရိုက်ကူးတည်းဖြတ် ပေးပို့ခြင်းဆိုင်ရာများကို စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေခြည်(ပြန်/ဆက်)**

# ကြက်-ငါး တွဲဖက်မွေးမြူထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၇**
ကြက်-ငါး တွဲဖက်မွေးမြူထုတ်လုပ်ခြင်းအတွက် လမ်းညွှန်ချက်များသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

"အခုကတော့ စားသုံးသူတွေထိခိုက်မှုမရှိအောင်နဲ့ စီးပွားရေးအခွင့်အလမ်းများ ကောင်းအောင် လမ်းညွှန်တဲ့သဘောပေ့ါ၊ ဒီလိုတွဲဖက်မွေးမြူရင် ရေသယံဇာတ တိုးတက်ဖို့လိုအပ်ပြီး အခုကတော့ ငါးရဲ့ကြီးထွားနှုန်းလည်း တိုးတက်လာတာပေ့ါ၊ အရင်တုန်းက တွဲဖက်မွေးမြူကြတုန်းကဆိုရင် ငါးအတွက် အစာမကျွေးတာလည်းရှိပါတယ်၊ ခုကျတော့ ငါးစာကျွေးရတယ်ဆိုပေမယ့် ကြက်-ငါး တွဲဖက်မွေးမြူတာကြောင့် ငါးအတွက် အစာကျွေးရတာနည်းပြီး မွေးမြူသူအတွက်ပါ တွက်ခြေကိုက်လာတာဆိုတော့ဈေးသက်သက်သာသာနဲ့လည်း ရောင်းချနိုင်ကြပါလိမ့်မယ်၊ ကြက်-ငါးတွဲဖက်မွေးမြူတာဆိုတော့ ငါးအကောင်ကြီးထွားနှုန်းနဲ့ ထုတ်တဲ့အချိန်ပါ မြန်လာတဲ့အတွက် တွဲဖက်မွေးမြူကြသူတွေများပြားလာပါတယ်" ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်ထင်က ပြောကြားသည်။

လက်ရှိအနေအထားအရ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ကြက်-ငါး တွဲဖက်မွေးမြူသည့်စာရင်းများ အရ ဥစားကြက်အကောင်ရေ သိန်း ၃၀ ဝန်းကျင်ခန့်နှင့် အသားစားကြက်အကောင်ရေသိန်း ၃၀ ဝန်းကျင်ခန့်ရှိပြီး ၅၀ ရာခိုင်နှုန်းခန့်မှာ ကြက်-ငါး တွဲဖက်မွေးမြူကြခြင်းများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကြက်-ငါးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် အမြတ်အစွန်းတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေးကို မြှင့်တင်နိုင်ရန်အတွက် လိုက်နာကျင့်သုံးနိုင်မည့် အလေ့အကျင့်ကောင်းများကို ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# မြန်မာနိုင်ငံအတွင်းရှိ ရက်ကန်းသင်တန်းကျောင်းဆင်းများအား အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းခန့်အထိ ဖန်တီးပေးနိုင်



**မန္တလေး ဇန်နဝါရီ ၇**
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ထားသည့် ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းများမှ ကျောင်းဆင်းများအတွက် အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းခန့်အထိ ဖန်တီးပေးလျက်ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ပြောသည်။

အဆိုပါရက်ကန်းကျောင်းများမှ ရက်ကန်းပညာသင်ယူနေကြသည့် သင်တန်းသား သင်တန်းသူများအတွက် အလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အများစုမှာ အစိုးရအထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီး ဒုတိယအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ရက်ကန်းကျောင်းဆင်းတွေ အလုပ်အကိုင်ရရှိဖို့အတွက် ကျွန်တော်တို့အနေနဲ့ အဓိကဦးစားပေးတာက အစိုးရအထည်ချုပ်စက်ရုံတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်။ ရက်ကန်းလုပ်ငန်းရှင်များအသင်းနဲ့လည်း ချိတ်ဆက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေဆီမှာ အလုပ်ဝင်နိုင်ဖို့လည်း ချိတ်ဆက်ပေးနေတယ်။ တစ်ကျောင်းနဲ့တစ်ကျောင်း အလုပ်အကိုင်ရရှိမှုက မတူဘူး။ ဥပမာ အထည်အလိပ်လုပ်ငန်းတွေ ပေါများတဲ့ မိတ္ထီလာကျောင်းဆင်းတွေ အတွက်တော့ အလုပ်အကိုင်ရရှိမှုက ၁၀၀ ရာခိုင်နှုန်းအထိရှိတယ်။ ချင်းပြည်နယ်လို နေရာမျိုးမှာတော့ ကိုယ်ပိုင်ဂျပ်ခုတ်လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ကြတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်း၌ ရန်ကုန်၊ ရောဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းကျောင်း စုစုပေါင်း ၁၃ ကျောင်းဖွင့်လှစ်ထားပြီး ၁၀ တန်းအောင်မြင်ပြီးသူများအတွက် ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာ တစ်နှစ်သင်တန်း၊ ၈ တန်းအောင်မြင်ပြီးသူများအတွက် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းတို့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ၄ တန်းအောင်မြင်ပြီးသူများအတွက်လည်း ရိုးရာလွန်းရာကျအချိတ် ခြောက်လသင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်းနှင့် ရွှေချည်၊ ငွေချည်ထိုး သုံးလသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းတက်ရောက်ခွင့်ရရှိသူများအတွက် ပညာသင်ထောက်ပံ့ကြေးအနေဖြင့် လစဉ် ငွေကျပ် ၃၀၀၀၀ ချီးမြှင့်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ နယ်မြေ (၁၅) ဓမ္မာရုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးက မူခင်း အသိပညာပေးဟောပြောခဲ့စဉ်။

သက်ခိုင် (သန်လျင်)

## သတင်းစုံကဏ္ဍာ

### ကျိုင်းတုံမြို့၌ နှစ်သစ်အထူးဓမ္မသဘင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် နှစ်သစ်အထူးဓမ္မသဘင်ကို ဇန်နဝါရီ ၆ ရက် ည ၇ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်နှင့် ဇနီး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ တရားချစ်ခင်သူတော်စင်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဆရာတော်ကြီးက တရားနာသည့်ပရိသတ်များအား ဘုရားဆင်းတုတော် မဲဖောက်လှူဒါန်းပေးခဲ့ပြီး အလှူရှင်များက ဓမ္မပူဇော် အလှူငွေများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

### သက်တမ်းလွန်ဆေးဝါးနှင့် အစားအသောက်များဖျက်ဆီး

**လဟယ်**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် သက်တမ်းလွန်ပြီး ကျန်းမာရေးနှင့်မညီညွတ်သည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို ဇန်နဝါရီ ၆ ရက်က မြို့အဝင်လမ်းဆုံ၌ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးရခြင်းနှင့်ပတ်သက်၍ မြို့နယ်ဆရာဝန် ဒေါက်တာသက်ဇင်အောင်က ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမျိုးမင်းအောင်က သားငါးဆိုင်ရာရောဂါများကို ရှင်းလင်းပြောကြားပြီး လဟယ်မြို့နယ်ရဲစခန်းမှူးက သားငါးဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

### ယာဉ်များစနစ်တကျပြေးဆွဲရေး ကွင်းဆင်းစစ်ဆေး

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မော်တော်ယာဉ် လုပ်ငန်းသုံးယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ မော်တော်ယာဉ်နှင့် ထော်လာဂျီယာဉ်များ စနစ်တကျပြေးဆွဲရေးအတွက် မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၆ နာရီက ပြုလုပ်သည်။

အဆိုပါယာဉ်များစစ်ဆေးရာတွင် မော်တော်ယာဉ်နှင့် ထော်လာဂျီယာဉ်များ ယာဉ်စည်းကမ်းနှင့်အညီ သတ်မှတ်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ ယာဉ်နှင့်အတူပါရှိရေးအတွက် ကြီးကြပ်စစ်ဆေးခြင်း၊ မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ဌေးဌေးလှိုင်(ပြန်/ဆက်)**

### ပြည်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း (ယခင် St.Mar K) ပညာရေးစုံညီပွဲတော်ကျင်းပ

**ပြည် ဇန်နဝါရီ ၇**
ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း (ယခင် St.Mar K) ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက လူငယ်အားမာန်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးတို့က အမှာစကားပြောကြားခဲ့ပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

**မောင်ရွှေဝင်း (ပြည်)**

# အရှေ့မြင်အနောက်မြင်တောင် ၇၇၅၂ ပေသို့ မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်း တက်ရောက်မည်

**မိတ္ထီလာ ဇန်နဝါရီ ၇**
ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လုပ်ပြင်ကျေးရွာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၇၇၅၂ ပေမြင့်သည့် အရှေ့မြင်အနောက်မြင်တောင်ပေါ်သို့ ဇန်နဝါရီ ၁၉ရက်တွင် ပဉ္စမအကြိမ် တောင်တက်ခရီးစဉ်အဖြစ် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီ ၁၈ ရက်မှာ မိတ္ထီလာက ထွက်ခွာပြီး လုပ်ပြင် ကျေးရွာမှာ တစ်ညအိပ်ရပ်နားပြီး နောက်တစ်နေ့မနက်စောစောမှာ အရှေ့မြင်အနောက်မြင်တောင်ပေါ်ကို စတင်တက်ရောက်မှာဖြစ်ပါတယ်။ မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းအနေနဲ့ ၂၀၁၉-၂၀၂၀တောင်တက်ခရီးရာသီမှာ နောက်ဆုံးတက်ရောက်မယ့် မြေသားတောင်တက်ခရီးစဉ်လည်းဖြစ်ပါတယ်။ ဒီတောင်တက်ခရီးစဉ်ပြီးရင် လာမယ့်ဖေလထဲမှာ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးစဉ်ကို တက်ရောက်ဖို့ရှိမှာ ဖြစ်ပါတယ်" ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာမြတ်မင်းက ပြောသည်။

မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းအနေဖြင့် ၂၀၁၉-၂၀၂၀တောင်တက်ခရီးရာသီတွင် ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခဒိန်ရွှေအရှေ့တောင်အနောက်တောင်၊ လွယ်မိုင်းတောင်နှင့် လေးညအိပ် ပင်လယ်ကမ်းခြေလမ်းလျှောက်ခရီးစဉ်များကို သွားရောက်ခဲ့ပြီးဖြစ်သည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် တက်ရောက်ခဲ့ပြီးတောင်တက်ခရီးစဉ်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန် ရည်ရွယ်ပြီး "love nature and leave no trace" ဆောင်ပုဒ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရသည့် ကော်မတီဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်။

# နိုင်ငံတော်ရဲ့ လူဦးရေမူဝါဒကို ချမှတ်နိုင်ဖို့အတွက် လူဦးရေဆိုင်ရာ ပြည်တွင်း ပြည်ပ အချက်အလက်တွေကို ဆန်းစစ်လေ့လာရေးကိစ္စတွေကိုလည်း ကူညီပေးရမယ်

**အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး**

## အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း- ရှင်မင်း
ဓာတ်ပုံ- ကေကေ

အမျိုးသားလွှတ်တော်၏ ၂၀၁၉ ခုနှစ် မတ် ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)ဖြင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ကော်မတီကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဝင်များတွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဆိုပါကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**မေး ။ ။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို အရင်ဆုံး သိပါရစေ။**

ဖြေ ။ ။ ကော်မတီအနေနဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ တိုင်းရင်းသား မိဘနှစ်ပါးကနေ မွေးဖွားလာတဲ့ မွေးရာပါ နိုင်ငံသားတွေအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းတွေ လွယ်ကူလျင်မြန်ဖို့အတွက် လည်း ညှိနှိုင်းဆောင်ရွက်ပေးရပါမယ်။ ပြီးတော့ ဥပဒေမဲ့ ဝင်ရောက်လာသူတွေကို ဖော်ထုတ်ပြီး ဥပဒေပြဋ္ဌာန်း ချက်နဲ့အညီ အရေးယူဆောင်ရွက်ဖို့အတွက် ကူညီ ဆောင်ရွက်ပေးရပါမယ်။

နိုင်ငံခြားသားတွေ ပြည်တွင်းမှာ နေထိုင်သွားလာ လှုပ်ရှားမှုတွေ ဥပဒေနဲ့အညီဖြစ်စေဖို့ ကြပ်မတ်ထိန်းသိမ်းတဲ့ လုပ်ငန်းစဉ်မှာလည်း ကူညီပေးရပါမယ်။ နိုင်ငံတော်ရဲ့ လူဦးရေမူဝါဒကို ချမှတ်နိုင်ဖို့အတွက် လူဦးရေဆိုင်ရာ ပြည်တွင်း ပြည်ပအချက်အလက်တွေကို ဆန်းစစ်လေ့လာ ရေးကိစ္စတွေကိုလည်း ကူညီပေးရမယ်။

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ဖို့၊ တည်ငြိမ်အေးချမ်းတဲ့ လုပ်ငန်းခွင်ဖြစ်စေဖို့၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိဖို့ ဒါတွေအတွက်လည်း ကူညီပေးရပါတယ်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ မတော်တဆထိခိုက်မှုလျော့နည်းကျဆင်းရေး၊ အပြည်ပြည် ဆိုင်ရာနဲ့ ဒေသဆိုင်ရာအလုပ်သမားရေးရာ ကိစ္စရပ်တွေ အတွက်လည်း ကူညီဆောင်ရွက်ပေးရပါတယ်။ အလုပ်သမားတွေအတွက် လူမှုဖူလုံရေးအာမခံ၊ လူမှုအကာ အကွယ်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ လူမှုဖူလုံ ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့၊ ရွှေ့ပြောင်း အလုပ်သမားတွေရဲ့ ဥပဒေပါ အခွင့်အရေးတွေရရှိနိုင်ရေး အတွက် ဆိုက်ရောက် နိုင်ငံတွေရဲ့ အလုပ်သမားဥပဒေအရ လုပ်ခလစာနဲ့တကွ တခြားရပိုင်ခွင့်တွေရရှိဖို့၊ လုပ်ခလစာ တွေ လွယ်ကူစွာ ပြန်ပို့နိုင်ဖို့ ဒါတွေကိုလည်း ကူညီ ကာကွယ်စောင့်ရှောက်ပေးရပါတယ်။

ပြီးတော့ ပြည်ပနိုင်ငံတွေကို တရားဝင် သွားရောက် အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေနဲ့ ပြည်ပအလုပ် အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီတွေအကြား ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေအရ ကိုက်ညီမှုမရှိလို့ တိုင်ကြားလာရင်လည်း ကျွန်တော်တို့ ကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန ညှိနှိုင်းဖြေရှင်းပေးရပါတယ်။



အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး

နောက်ပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ တည်ဆဲ အလုပ်သမားဥပဒေတွေကို ပြန်လည်သုံးသပ်ပြီး အပြည်ပြည် ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ရဲ့ စံနှုန်းတွေနဲ့အညီ ပြင်ဆင် နိုင်ဖို့အတွက်လည်း လုပ်ဆောင်ရပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားအကြား အငြင်းပွားမှုတွေရှိလာတဲ့အခါ စေ့စပ် ညှိနှိုင်းရာမှာ ပြေလည်မှုမရရှိဘူး။ ဒီလိုပြေလည်မှုမရှိ တော့တဲ့အခါ ကျွန်တော်တို့ ကော်မတီကို အကူအညီ တောင်းခံတာမျိုးရှိပါတယ်။ ဒီလိုမျိုးအကူအညီတောင်းခံ တဲ့အခါ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေး ရပါတယ်။ ဒါတွေက ကျွန်တော်တို့ ကော်မတီရဲ့ တာဝန်တွေ ဖြစ်ပါတယ်။

**မေး ။ ။ ကော်မတီအနေနဲ့ ဒီလိုတာဝန်တွေထမ်းဆောင်ဖို့ ဘယ်လို လုပ်ပိုင်ခွင့်တွေရှိတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ကော်မတီကို ဥပဒေအရ အပ်နှင်းထားတဲ့ လုပ်ပိုင် ခွင့် (၇) ရပ် ရှိပါတယ်။ ဒါတွေက ဘာတွေလဲဆိုတော့ ကော်မတီအနေနဲ့ ပြည်တွင်း ပြည်ပ အလုပ်သမားအဖွဲ့ အစည်းတွေ ဒါမှမဟုတ် အလုပ်ရှင်အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ၊ ဒါမှမဟုတ် ဖြေကြားနိုင်တဲ့ တာဝန်ရှိသူ တွေကို ဖိတ်ကြားဆွေးနွေးနိုင်ပါတယ်။ ပြီးတော့ ကော်မတီ အနေနဲ့ အဖွဲ့ခွဲပြီးတော့ ဖြစ်စေ၊ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ စုပေါင်းပြီးတော့ တာဝန်အရလေ့လာမှုတွေ ဆောင်ရွက်နိုင် ပါတယ်။ ဒီလို လေ့လာမှုတွေ ဆောင်ရွက်နိုင်ဖို့ အမျိုးသား လွှတ်တော်ရုံးကို ခရီးစဉ်နဲ့ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်တွေ အတွက်တင်ပြပြီး ရုံးရဲ့စီမံပေးမှုနဲ့ ဆောင်ရွက်ရပါတယ်။

နောက်ထပ် လုပ်ပိုင်ခွင့်တစ်ခုက အလုပ်သမားဥပဒေ ပါ အခွင့်အရေးတွေကို အလုပ်သမားသမဂ္ဂတွေ ရရှိခံစား နိုင်မှုအခြေအနေကို လေ့လာစောင့်ကြည့်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို အချိန်နဲ့တစ်ပြေးညီ မေးမြန်း ပိုင်ခွင့်ရှိပါတယ်။ ဒီလိုကော်မတီရဲ့ လေ့လာတွေ့ရှိချက် တွေကို ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသ ကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သလိုစီစဉ်နိုင်ဖို့ ဒီတွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌထံကို အမှတ်ပြုစု ပြီး တင်ပြနိုင်ပါတယ်။

ပြီးတော့ ကော်မတီက ပြည်တွင်း ပြည်ပ အလုပ် သမားအဖွဲ့အစည်းတွေနဲ့ လွတ်လပ်စွာတွေ့ဆုံဆွေးနွေး နိုင်တယ်။ ဒီလိုတွေ့ဆုံပြီးတော့ အလုပ်သမားတွေရဲ့ အခက်အခဲတွေ၊ လိုအပ်ချက်တွေကို မေးမြန်းနိုင်ပါတယ်။ ပြီးတော့ ဥပဒေနဲ့ညီညွတ်တဲ့ အကြံဉာဏ်တွေကိုလည်း အပေါ် သုံးသပ်နေပါတယ်။

နောက်ပြီး နိုင်ငံခြားသားလုပ်သားတွေ ပြည်တွင်း မှာ အလုပ်လုပ်ကိုင်တဲ့အပေါ် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ကို လေ့လာသုံးသပ်နေပါတယ်။ အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေ ပြင်ဆင်ရေးဥပဒေကြမ်းတစ်ခုကို ဥက္ကဋ္ဌဆီ တင်ပြထားပါ တယ်။ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ရတဲ့အခါ လာမယ့်လွှတ်တော် အစည်းအဝေးတွေမှာ ဆွေးနွေးသွားနိုင်မှာ ဖြစ်ပါတယ်။

ပြီးတော့ အိမ်အကူဆိုင်ရာ ဥပဒေကြမ်းတစ်ခု လွှတ်တော်ကို တင်သွင်းနိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကော်မတီအတွင်းမှာ ဆွေးနွေး နေတယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံပြီး တည်ဆဲဥပဒေတွေနဲ့ ညှိနှိုင်းနေတဲ့အဆင့်ကို ရောက်နေ ပါပြီ။ ဒါနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံ ဆွေးနွေးသွားဖို့ ရှိပါတယ်။

နောက်တစ်ခုကတော့ ပြည်ပရွှေ့ပြောင်းအလုပ်သမား ကိစ္စပါ။ အိမ်အကူဥပဒေကြမ်း လွှတ်တော်ကို တင်သွင်း ပြီးရင် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ဖို့ကော်မတီအနေနဲ့ စီစဉ်ထားတာလည်း ရှိပါတယ်။



၂၁-၂-၂၀၁၉ ရက်တွင် အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ CTUM၊ MICS၊ AFFM တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ အစည်းအဝေးကျင်းပစဉ်။

ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပါတယ်။

ပြည်တွင်း ပြည်ပအလုပ်သမားအဖွဲ့အစည်းတွေက ကျွန်တော်တို့ ကော်မတီနဲ့ ကော်မတီဝင်တွေဆီကို ဆက်သွယ်လာရင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီးတော့ တွေ့ဆုံဆွေးနွေးနိုင်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုနဲ့ စပ်လျဉ်းတဲ့ ကိစ္စရပ်တွေကို လွှတ်တော်ဥက္ကဋ္ဌထံကို အစီရင်ခံစာတင်ပြရပါတယ်။ ဒါတွေကတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေပါ။

**မေး ။ ။ ကော်မတီရဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ အလုပ် သမားတွေနဲ့ သက်ဆိုင်တဲ့ ဥပဒေပိုင်းဆိုင်ရာ လက်ရှိဆောင်ရွက်နေတဲ့အပိုင်းကိုလည်း ပြောပြပေးစေ လိုပါတယ်။**

ဖြေ ။ ။ လူဝင်မှုကြီးကြပ်ရေးအပိုင်းကတော့ ဥပဒေပိုင်း ဆိုင်ရာ ပြင်ဆင်ဆောင်ရွက်တာမျိုး မရှိသေးဘူး။ ဝန်ကြီးဌာနရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု လုပ်ငန်းစဉ်၊ လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်၊ သန်းခေါင်စာရင်းနဲ့ ပတ်သက်တဲ့လုပ်ငန်းစဉ် ဒါတွေအတွက် ဆောင်ရွက်နေတာကိုလေ့လာသုံးသပ်နေ ပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေ

**မေး ။ ။ နိုင်ငံခြားသားအလုပ်သမားဆိုင်ရာ ဥပဒေကို လည်း ကော်မတီအနေနဲ့ အသစ်ပြဋ္ဌာန်းရေးဆွဲ နိုင်ဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့အခြေအနေကို ရှင်းပြ ပေးပါဦး။**

ဖြေ ။ ။ ဒီလိုဥပဒေရေးဆွဲနိုင်ဖို့ အရင်ဆုံးလာရောက် အလုပ်လုပ်နေတဲ့ ပြည်ပအလုပ်သမား စာရင်း အတိအကျသိဖို့ လိုအပ်ပါတယ်။ သူတို့ကို ဥပဒေနဲ့အညီ မှတ်ပုံတင်ခိုင်းပြီးတော့ သူတို့ကို ဥပဒေအရ အကာ အကွယ်ပေးမှုကိုလည်း ပေးရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ သားတွေ အလုပ်အကိုင် အခွင့်အလမ်းမဆုံးရှုံးရအောင် လည်း ကာကွယ်ပေးရမယ်။ ဒီလိုလာရောက်လုပ်ကိုင်တဲ့ အပေါ်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အခွန်ငွေရရှိမှု၊ ဒီအခွန်ငွေကနေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်နိုင်မလဲ၊ သူတို့လုပ်အားတွေက တိုင်းပြည် အတွက် ဘယ်လိုအကျိုးရှိလဲ၊ ကိုယ့်နိုင်ငံက ငွေတွေ ဘယ်လောက်စီးထွက်သွားမလဲ၊ ဘယ်အလုပ်တွေကိုပဲ ပေးလုပ်မလဲ၊ ဒီလိုအခြေအနေတွေကိုလည်း ထည့်သွင်း စဉ်းစားနေပါတယ်။

စာမျက်နှာ ၁၉ သို့ »»



၂၈-၅-၂၀၁၉ ရက်တွင် အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ အစည်းအဝေးကျင်းပစဉ်။

»»» စာမျက်နှာ ၁၈ မှ

**မေး ။ ။ အိမ်အကူတွေနဲ့ပတ်သက်တဲ့ ဥပဒေကနေ ပြည်ပကို အလုပ်သွားလုပ်မယ့် နိုင်ငံသား အိမ်အကူတွေကို အကာအကွယ်ပေးနိုင်ဖို့ ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

**ဖြေ ။** ။ လတ်တလောမှာ အိမ်အကူက တရားမဝင် လမ်းကြောင်းက သွားတာများတယ်။ ဒါကြောင့် သူတို့အတွက် လိုအပ်သလောက် ကူညီပေးနိုင်မှုက အားနည်းနေသေးတယ်။ အိမ်အကူ တရားဝင်စေလွှတ်ခြင်း မရှိသေးတဲ့အတွက် နည်းမျိုးစုံထွက်တဲ့အထဲမှာ အသက်မပြည့်သေးတဲ့ ကလေးတွေ ပါသွားတယ်။ လိုအပ်တဲ့ သင်တန်းပေးမှုတွေလည်း မရရှိကြဘူး။ ရောက်ရှိမယ့် နိုင်ငံရဲ့ ဥပဒေ၊ ယဉ်ကျေးမှု၊ ဘာသာစကားစတဲ့ ဒီလိုမျိုး အချက်တွေနဲ့ပတ်သက်ပြီး အခက်အခဲရှိနိုင်တဲ့အတွက် ဒါတွေနဲ့ပတ်သက်တဲ့ အချက်တွေကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဒါက ပြည်ပအတွက်ပါ။

ပြည်တွင်းမှာကျတော့ အိမ်အကူတွေ ညှဉ်းပန်းနှိပ်စက်ခံရတာမျိုးတွေ ရှိတယ်။ ဒါမျိုးတွေအတွက် အိမ်အကူဥပဒေအရ အရေးယူရတာမျိုးမရှိဘဲ လူ့အခွင့်အရေး ရှုထောင့်က ဆောင်ရွက်နေရတယ်။ ဥပဒေအရ၊ ရာဇဝတ်ကြောင်းအရ ဆောင်ရွက်နေရတာမျိုး ဖြစ်နေတယ်။ ဒါကြောင့် ပြဋ္ဌာန်းဖို့ကြိုးပမ်းနေတဲ့ အိမ်အကူဥပဒေမှာ အိမ်အကူလုပ်သားကိုလည်း တခြားအလုပ်သမားတွေနည်းတူ အလုပ်သမားအဆင့် သတ်မှတ်ခံစားခွင့်ရှိရမယ်၊ အသက်ကန့်သတ်မယ်၊ အိမ်အကူတွေက လုပ်သားအခွင့်အရေးနဲ့အတူ ထိုက်သင့်တဲ့ လူမှုခံစားခွင့်ရရှိအောင် ထည့်သွင်းပြဋ္ဌာန်းသွားမယ်။

အိမ်ရှင်ဘက်ကကျတော့ မိသားစုမဟုတ်တဲ့ သူတစ်ဦး မိမိအိမ်ထဲမှာ လာနေတာဖြစ်တဲ့အတွက် Privacy ရှိဖို့၊ မိသားစုလုံခြုံရေး ဒါတွေကို ပြန်ပြီးစိုးရိမ်ရတာရှိတယ်။ အိမ်အကူကြောင့် အိမ်ရှင်မှာ ဒုက္ခရောက်တာမျိုးတွေရှိတယ်။ အိမ်အကူလာလုပ်ပြီး လစာကြိုထုတ်၊ ပြီးတော့ နောက်ထပ်တစ်အိမ်ပြောင်းလို့ အိမ်ရှင်မှာ အခက်အခဲဖြစ်တာမျိုးတွေလည်း ကြားနေရပါတယ်။ နှစ်ဖက်စလုံးအတွက် အကာအကွယ်ပေးနိုင်တဲ့၊ လုပ်ငန်းခွင် အဆင်ပြေနိုင်တဲ့အချက်တွေ ဥပဒေမှာ ပါနိုင်အောင် ကြိုးစားနေပါတယ်။

**မေး ။ ။ အကျိုးဆောင်ကုမ္ပဏီတွေကို ထိန်းညှိမယ့် အချက်တွေကိုလည်း ဥပဒေမှာပါဝင်ဖို့ ဆောင်ရွက်နေတာရှိပါသလား။**

**ဖြေ ။** ။ ဒါတွေလည်းပါမှာဖြစ်ပါတယ်။ အကျိုးဆောင် ကုမ္ပဏီတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေ၊ တာဝန်ခံရမယ့် အချက်တွေပါမယ်။ သူတို့ကိုကြပ်မတ်မယ့် အဖွဲ့အစည်းအဖြစ် ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီဖွဲ့စည်းသွားဖို့ ရည်ရွယ်တာလည်း ရှိပါတယ်။

**မေး ။ ။ ဒါနဲ့ဆက်စပ်ပြီး မေးချင်တာက ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ ။** ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကော်မတီအနေနဲ့ ဥပဒေအရ သေချာမကိုင်တွယ်ရသေးပါဘူး။ လေ့လာသုံးသပ်နေတဲ့အဆင့်ပဲ ရှိပါသေးတယ်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင်များ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းချုပ်ဆိုတာ ရှိပါတယ်။ ဒီထဲမှာ လိုင်စင်ရကုမ္ပဏီတွေ ပါပါတယ်။ ဥပဒေမှာပါတဲ့အတိုင်း ပြည်တွင်းအလုပ်သမားကို ပြည်ပကို စေလွှတ်တဲ့အခါ လိုက်နာရမယ့် စည်းကမ်းတွေကို အတိအကျလိုက်နာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနက ကြပ်မတ်ရမယ့် တာဝန်တွေရှိပါတယ်။

ဥပမာအားဖြင့် စေလွှတ်တဲ့ အလုပ်သမားတစ်ဦးအတွက် အကျိုးဆောင်ခ ဘယ်လောက်ယူရမယ်ဆိုတာ ဝန်ကြီးဌာနက သတ်မှတ်ထားတာရှိပါတယ်။ ဝန်ဆောင်ခ ပိုယူတာမျိုးတွေ ရှိနေတယ်။ သက်ဆိုင်ရာနိုင်ငံတွေရောက်တဲ့အခါမှာလည်း ပြောထားတဲ့ နေရာ၊ ပြောထားတဲ့ အလုပ်မဟုတ်တာတွေ၊ လုပ်အားခမရတာတွေ အချိန်ပို ခိုင်းစေတာမျိုး ရှိနေတယ်။ MoU နဲ့ သွားတဲ့ အလုပ်သမားတွေတောင် ဒီလိုမျိုးခံစားနေရတာမျိုး ရှိတယ်။ ဒါကြောင့် ဒါတွေအတွက် ကြပ်မတ်ဆောင်ရွက်သွားဖို့ လိုပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီကိုတိုင်ကြားလာတဲ့အခါ ကျွန်တော်တို့ကော်မတီက အလုပ်သမားဝန်ကြီးဌာနက တာဝန်ရှိသူအဆင့်ဆင့်၊ သက်ဆိုင်ရာ ဒေသန္တရအစိုးရ၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့၊ MOEAF က အမှုဆောင်တချို့တို့နဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ဖြေရှင်းပေးနေပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက နစ်နာသူ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ကျွန်တော်တို့ ပူးပေါင်းဖြေရှင်းပေးလိုက်လို့ ဆုံးရှုံးနစ်နာတာတွေ ပြန်ရတဲ့အခါ ကျေနပ်သွားကြပြီး တိုင်တန်းမှု ရပ်လိုက်ကြတယ်။ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ချိုးဖောက်တဲ့သူတွေကို အရေးယူဖို့ လုပ်ငန်းစဉ်ကို ဆက်လက်မလိုက်ပါတော့ဘူး။ တကယ်ဆို ဥပမာအနေနဲ့ပြောရရင် ၁၉၉၉ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၇ အရ သတ်မှတ်ဝန်ဆောင်ခထက် ပိုယူရင် ထောင်ဒဏ် သုံးနှစ်နဲ့ ငွေဒဏ်ချမှတ်ရမယ်လို့ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

တရားစွဲဆိုတဲ့အဆင့်ကိုမရောက်တော့ လုပ်တဲ့လူတွေက တိုင်ကြားမှုရှိလို့ မိသွားရင် ပြန်လျော်လိုက်မယ်၊ မတိုင်လို့ လွတ်ရင် ဆက်လုပ်လိုက်မယ် ဖြစ်နေတော့တာပေါ့။ ဌာနအနေနဲ့ကလည်း ပြဿနာဖြစ်တဲ့ ကုမ္ပဏီကို ခြောက်လပိတ်၊ တစ်နှစ်ပိတ်စသဖြင့် အရေးယူနေရတယ်။ သူတို့ကလည်း ကုမ္ပဏီနာမည်အမျိုးမျိုးနဲ့ ရှိနေတော့ ဒီကုမ္ပဏီပိတ်ရင် ဟိုကုမ္ပဏီနဲ့ ဆက်လုပ်ဖြစ်နေတော့တာပေါ့၊ အဲဒီတော့ နစ်နာသူတွေအနေနဲ့ လျော်ကြေးပြန်ရရုံနဲ့ တင်းတိမ်မနေကြသင့်ဘူး။



၈-၂-၂၀၁၇ ရက်တွင် ကော်မတီမှ တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပန်ဒါချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်) အလုပ်သမားများဆန္ဒပြမှုအား သွားရောက်ညှိနှိုင်းဖြေရှင်းပေးစဉ်။

တွေကို အလုပ်သမားရုံးတွေ ဝက်ဘ်ဆိုက်တွေမှာ ကြော်ငြာထားရုံတင်မကဘဲ လူမှုကွန်ရက်မီဒီယာတွေမှာ လူတွေ အလွယ်တကူသိအောင် လုပ်ပေးထားသင့်တယ်။ ချိုးဖောက်တဲ့သူတွေကို ဥပဒေအရ မှန်မှန်ကန်ကန် ထိထိရောက်ရောက် အရေးယူမယ်ဆိုရင် လျော့နည်းသွားမှာပါ။ ဒါ့အပြင် အကျိုးဆောင်အေဂျင်စီတွေကိုလည်း သေချာစိစစ်ပြီးမှ လိုင်စင်ထုတ်ပေးသင့်တယ်။

**မေး ။ ။ ကော်မတီကိုပြည်တွင်း၊ ပြည်ပအလုပ်သမားတွေရဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး တိုင်ကြားမှု**



၁၄-၁၁-၂၀၁၉ ရက်တွင် အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ပထမအတွင်းဝန် Ms. Amy Roth ဦးဆောင်သော အဖွဲ့အား တွေ့ဆုံစဉ်။

နောင်လူတွေ ဆက်လက်ဒုက္ခမရောက်အောင် ကြိုတင်ကာကွယ်ပေးတဲ့အနေနဲ့ ဥပဒေနဲ့အညီ အရေးယူတဲ့ အဆင့်အထိရောက်အောင် လုပ်ပေးကြပါလို့ အကြံပြုချင်ပါတယ်။

**မေး ။ ။ ဒီလိုကိစ္စမျိုးတွေ လျော့နည်းပျောက်ကွယ်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ ။** ။ ခက်နေတာက အလုပ်လိုချင်သူတွေက အလုပ်အကိုင်ရှာဖွေခြင်းနဲ့ ပတ်သက်တဲ့ ဗဟုသုတနည်းကြတာ များတယ်၊ တချို့လည်း သိကြပါတယ်။ ဒါပေမယ့် အလုပ်ရရင်ပြီးရော၊ ဟိုရောက်တော့မှ မှန်းချက်မကိုက်ဖြစ်ပြီး ခေါင်းပုံဖြတ်ခံရတာတွေ သိကြရပြီး ပြဿနာပေါ်တော့တာ။ အဲဒီတော့ မှတ်ပုံတင်ထားတဲ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေနဲ့ သတ်မှတ်ဝန်ဆောင်ခနှုန်းထား ဘယ်လောက်ရှိတယ်ဆိုတာနဲ့ ဒီအပေါ်မှာ ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။

**ဖြေ ။** ။ ၂၀၁၈ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ကော်မတီကို တိုင်ကြားမှု စုစုပေါင်း ၂၀၄ စောင် ရှိပါတယ်။ မိတ္တူပေးပို့တာ၊ တိုင်ကြားမှု မခိုင်လုံတာ၊ မပြည့်စုံလို့ မှတ်တမ်းအဖြစ်သာ တွဲထားရတာ ၁၄၀ လောက်ရှိတယ်။ တိုင်စာ ၅၁ စောင်ကိုတော့ တိုင်ကြားသူထံ ဆောင်ရွက်ချက် အကြံပြုချက်တွေနဲ့ ပြန်ကြားနိုင်ခဲ့ပါတယ်။ အမှုတွဲ ခုနစ်စောင်ကိုတော့ ကာယကံရှင်များနဲ့ တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ဘက်ကတော့ တိုင်ကြားစာတွေအပေါ် ရောက်ရှိလာတာနဲ့ ဖြစ်စဉ် မှန်မမှန်၊ ဥပဒေနဲ့ ညီမညီ၊ လုပ်ထုံးလုပ်နည်းမှားနေသလား စိစစ်မှုတွေအရင် လုပ်တယ်။

ပြီးရင် ကော်မတီရဲ့ စိစစ်တွေ့ရှိချက်တွေကိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကို တင်ပြပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေဆီပေးပို့ပြီးတော့ သဘောထားမှတ်ချက်တောင်းခံပါတယ်။ ဆောင်ရွက်ထားမှု အခြေအနေတွေတောင်းပါတယ်။ ပြီးရင်ကာယကံရှင်ဆီကို ဆောင်ရွက်ထားမှု အခြေအနေနဲ့ အကြံပြုချက်တွေနဲ့ ပြန်လည်ပေးပို့ပါတယ်။ ကော်မတီအနေနဲ့ ကြားနာဖို့ လိုအပ်ရင်လည်း ခေါ်ယူကြားနာ၊ ကွင်းဆင်းဆောင်ရွက်ဖို့ လိုအပ်ရင်လည်း ဥက္ကဋ္ဌဆီခွင့်တောင်းပြီး ကွင်းဆင်းပြီး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပါတယ်။

**မေး ။ ။ ကွင်းဆင်းဖြေရှင်းဆောင်ရွက်မှုတွေ၊ ခေါ်ယူကြားနာမှုတွေနဲ့ပတ်သက်ပြီး ပြောပေးပါဦး။**

**ဖြေ ။** ။ ရှိပါတယ်။ မှတ်မှတ်ရရ ခြောက်လကျော် သပိတ်စခန်းဖွင့် ဆန္ဒပြမှုဖြစ်နေတဲ့ ပလိပ်မြို့ပန်ဒါချည်မျှင် အချောကိုင်စက်ရုံကိစ္စဆိုရင် ကျွန်တော်တို့ကော်မတီက သွားရောက်ညှိနှိုင်း ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ရန်ကုန်မှာလည်း သပိတ်မှောက်ဆန္ဒပြမှု လနဲ့ချီကြာမြင့်နေတဲ့ အငြင်းပွားမှု သုံးခုလောက်ကို အောင်မြင်စွာ စေ့စပ်ညှိနှိုင်းပေးနိုင်ခဲ့ပါတယ်။ အချို့သော အငြင်းပွားမှုတွေဆိုလည်း မသွားရောက်ရဘဲ သက်ဆိုင်ရာသမဂ္ဂတွေ အလုပ်ရှင်၊ အလုပ်သမားတွေ တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်အကြံပြုညှိနှိုင်းပေးပြီး ပြေလည်သွားတာ ရှိပါတယ်။ နောက် ရန်ကုန်၊ မန္တလေးမှာရှိတဲ့ လူမှုဖူလုံရေး ဆေးခန်းတချို့ကို သွားရောက်လေ့လာထားတာရှိပါတယ်။ ခေါ်ယူကြားနာတာကတော့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ၂၀ က စုပေါင်းလက်မှတ်ထိုးပြီး ထိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ အလုပ်သမား သံအရာရှိကို တိုင်ကြားမှုပါ။

ကော်မတီအနေနဲ့ ခေါ်ယူကြားနာပြီး တွေ့ရှိချက် သဘောထား မှတ်ချက်တွေနဲ့ လွှတ်တော်ဥက္ကဋ္ဌဆီ ပေးပို့တင်ပြပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို အမှုတွဲပေးပို့လိုက်ပါတယ်။ အဂတိတိုက်ဖျက်ရေးကော်မရှင်က ဆက်လက်ဆောင်ရွက်ရာမှာ ပေါ်ပေါက်လို့ အခုအဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ ၆၃နဲ့ အရေးယူဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောကြားချင်တာ ရှိရင် ပြောကြားပေးစေလိုပါတယ်။**

**ဖြေ ။** ။ လာမယ့်နှစ်မှာ ကိုယ့်နိုင်ငံသားလုပ်သားတွေ ဝန်ဆောင်ခကုန်ကျစရိတ်မပေးရတဲ့ zero payment စနစ်ကို ပိုမိုခံစားခွင့်ရလာအောင် ကြိုးစားကြည့်ပါ့မယ်။ ကျွန်တော်တို့ နိုင်ငံသား အများစုသွားရောက်လုပ်ကိုင်နေတဲ့ ထိုင်းနဲ့ မလေးရှားမှာ zero payment စနစ်ကို လိုက်နာရတဲ့ စက်ရုံတွေရှိတယ်။ ဥပမာ အီလက်ထရွန်နစ်၊ လက်အိတ်၊ အထည်အလိပ် စသဖြင့်ပေါ့။ အဲဒီလိုစက်ရုံမျိုးကို ကိုယ့်နိုင်ငံသားလုပ်သားတွေ များများပို့နိုင်အောင်လုပ်ရမယ်၊ အရေအတွက် ရာခိုင်နှုန်းအားဖြင့် နည်းသေးတယ်။ အခုကမရသေးတာ မဟုတ်ဘူး။ ရတယ်၊ ရတဲ့အေဂျင်စီအချို့က လောဘကြီးပြီး အလုပ်သမားတွေဆီက ငွေကောက်ခံတာတွေ ရှိတယ်။

ဟိုဘက်စက်ရုံကလည်း ယူတယ်။ ကျင့်ဝတ်မရှိဘူး။ နိုင်ငံသိက္ခာကျတယ်၊ မှန်မှန်ကန်ကန်လုပ်တဲ့ အေဂျင်စီတွေပါ အထင်သေးခံရတယ်။ အဲဒီတော့ ကိုယ့်နိုင်ငံသားတွေ အရေအတွက်များများ ခံစားခွင့်ရဖို့ နိုင်ငံတော်အစိုးရအနေနဲ့ စီစဉ်ဆောင်ရွက်ဖို့လည်း တိုက်တွန်းသွားမယ်၊ နည်းလမ်းရှာမယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ လွှတ်တော်ရေးရာကော်မတီတွေအနေနဲ့ လွှတ်တော်ရဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်တွေအပြင် ကော်မတီအနေနဲ့ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေ အကူအညီတောင်းခံမှုတွေအတွက်လည်း ဥပဒေနဲ့အညီ အကြံဉာဏ်ပေး၊ ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ အလုပ်သမားအရေးနဲ့ ပတ်သက်ပြီး အကူအညီလိုလို့ဖြစ်ဖြစ်၊ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဥပဒေအရ နိုင်ငံသားအခွင့်အရေး ပြည့်ပြည့်ဝဝမရခဲ့ရင်ဖြစ်ဖြစ် ကော်မတီကို လိပ်မူပြီး တိုင်ကြားနိုင်ပါတယ်။

ဒီလိုတိုင်ကြားတဲ့အခါမှာ ကော်မတီက လက်ခံရရှိတဲ့အကြောင်း အကြောင်းပြန်ကြားပေးသလို၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်း ပြန်လည်ပေးပို့ပေးပါတယ်။ လွှတ်တော်က ကော်မတီတွေကို ပြည်သူတွေအနေနဲ့ အခက်အခဲရှိလာရင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပေးပို့တင်ပြဆောင်ရွက်ကြပါ၊ တစ်နည်းအားဖြင့် လွှတ်တော်ရဲ့ ရေးရာကော်မတီတွေကို အသုံးချကြပါလို့ တိုက်တွန်းချင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

> **လာမယ့်နှစ်မှာ ကိုယ့်နိုင်ငံသားလုပ်သားတွေ ဝန်ဆောင်ခ ကုန်ကျစရိတ် မပေးရတဲ့ zero payment စနစ်ကို ပိုမိုခံစားခွင့်ရလာအောင် ကြိုးစားကြည့်ပါ့မယ်။ ကျွန်တော်တို့ နိုင်ငံသား အများစုသွားရောက်လုပ်ကိုင်နေတဲ့ ထိုင်းနဲ့ မလေးရှားမှာ zero payment စနစ်ကို လိုက်နာရတဲ့ စက်ရုံတွေရှိတယ်။ ဥပမာ အီလက်ထရွန်နစ်၊ လက်အိတ်၊ အထည်အလိပ် စသဖြင့်ပေါ့။ အဲဒီလိုစက်ရုံမျိုးကို ကိုယ့်နိုင်ငံသားလုပ်သားတွေ များများပို့နိုင်အောင်လုပ်ရမယ်**

## စပါးက အက်သလက်တီကိုမက်ဒရစ် ကွင်းလယ်လူ လီမာကို ခေါ်ယူဖို့စီစဉ်

စပါးအသင်းရဲ့ ကွင်းလယ်ကစားသမား ဟယ်ရီဝင့်ကို မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် အဆိုပါကစားသမားကို ဆုံးရှုံးရဖွယ်ရှိနေတာမို့ စပါးအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လီမာကို ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

စပါးအသင်းက ကွင်းလယ်ကစားသမား လီမာကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် အာဆင်နယ်အသင်းကလည်း အသက် ၂၄ နှစ်အရွယ် လီမာကိုခေါ်ယူဖို့ အခြေအနေကို စောင့်ကြည့်နေတယ်လို့ သိရပါတယ်။

လီမာဟာ ၂၀၁၇ ခုနှစ်က အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ နီးစပ်မှုရှိခဲ့သူဖြစ်ပါတယ်။ လီမာဟာ မိုနာကိုအသင်းကနေ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၂ ဒသမ ၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိမှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၆၄ ပွဲ ပါဝင်ကစားပေးခဲ့ပြီးနောက် သွင်းဂိုး သုံးဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား လီမာဟာ ပြင်သစ်အသင်းနဲ့အတူ ယူရို ၂၀၂၀ ပြိုင်ပွဲမှာပါဝင်လာဖို့ ပစ်မှတ်ထားနေတာကြောင့် အခုဇန်နဝါရီအပြောင်းအရွှေ့အတွင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရမယ့် အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား လီမာဟာ ပြင်သစ်လက်ရွေးစင်အသင်းနဲ့အတူ ၂၂ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုးလေးဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

# လူကာကူ နှစ်ဂိုးသွင်းပြီး နာပိုလီကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အင်တာမီလန်အသင်း အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်



နာပိုလီအသင်းနဲ့ အင်တာမီလန်အသင်းတို့ဟာ အီတလီစီးရီးအေပွဲစဉ် ၁၈ အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ တိုက်စစ်မှူး လူကာကူရဲ့သွင်းဂိုးနှစ်ဂိုးအပါအဝင် အင်တာမီလန်အသင်းက နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး လူကာကူက ပွဲကစားချိန် ၁၄ မိနစ်နဲ့ ၃၃ မိနစ်မှာ နှစ်ဂိုးနဲ့ မာတီနက်ဇ်က ၆၂ မိနစ်မှာ တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ကြပြီး နာပိုလီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၃၉ မိနစ်မှာ မီလစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ပွဲစဉ် ၁၈ ကို အင်တာမီလန်အသင်းထက် စောပြီးကစားခဲ့ရကာ ကာဂလီယာယီအသင်းကို တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားကို ယာယီဦးဆောင်ခွင့်ရရှိခဲ့ပေမယ့် အင်တာမီလန်အသင်းက နာပိုလီအသင်းကို အနိုင်ရရှိလိုက်တာကြောင့် အင်တာမီလန်အသင်းက အမှတ်ပေးဇယားထိပ်မှာ ဂျူဗင်တပ်အသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေမှာ အင်တာမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းကသာ ထိပ်ဆုံးက ဦးဆောင်နေပြီး တတိယနေရာက လာဇီယိုအသင်းကို ခြောက်မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းက အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး လူကာကူဟာ မန်ယူအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၇၄ သန်းနဲ့ ရောက်ရှိလာခဲ့ပြီးနောက် အင်တာမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေသွင်းဂိုး ၁၄ ဂိုးအထိ ရှိသွားပြီလည်း ဖြစ်ပါတယ်။

လက်ရှိ အီတလီစီးရီးအေ ဂိုးသွင်းအများဆုံး ကစားသမားတွေထဲမှာ လူကာကူက သွင်းဂိုး ၁၄ ဂိုးနဲ့ ဒုတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းက သွင်းဂိုး ၁၉ ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေပါတယ်။ ဂျူဗင်တပ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကတော့ သွင်းဂိုး ၁၃ ဂိုးနဲ့ တတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ



## "Crash Landing on You" မှာ ပါဝင်ဖို့ရာ ဆွေးနွေးနေတဲ့ ကင်မ်ဆိုးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်မ်ဆိုးယန်ဟာ လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲ "Crash Landing on You" မှာ ပါဝင်သရုပ်ဆောင်သွားဖို့ရာ ဆွေးနွေးမှုတွေပြုလုပ်နေကြောင်း အေဂျင်စီက ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Crash Landing on You" ကို tvN ရုပ်သံလိုင်းက ထုတ်လွှင့်ပြသနေတာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ ခေါင်းဆောင်ပါဝင်ထားတာ ဖြစ်ပါတယ်။ ကင်မ်ဆိုးယန်ဟာ ဒီဇာတ်လမ်းတွဲမှာ ပါဝင်ဖို့ လက်ရှိမှာ ရုပ်ရှင်အဖွဲ့သားတွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း ဂိုးလ်မက်တယ်လစ်အင်တာတိန်းမန့်က ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့လည်း သိရပါတယ်။

"Crash Landing on You" ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်က ဒေသတွင်းမှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း ပြသလျက်ရှိပါတယ်။ ဒီဇာတ်လမ်းတွဲရဲ့ နောက်ပိုင်းထုတ်လွှင့်ပြသမယ့် အပိုင်းတွေမှာ ကင်မ်ဆိုးယန် ပါဝင်သွားဖို့အရေး ဆွေးနွေးနေတာဖြစ်ပါတယ်။

ကင်မ်ဆိုးယန်ဟာ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး သူခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Psycho, But It's Okay" နဲ့လည်း မကြာမီ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## နှစ်သစ်ကို တေးသီချင်းသစ်နဲ့ စတင်လိုက်တဲ့ မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ ၂၀၂၀ ပြည့်နှစ်ကို တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်မှုတစ်ခုပြုလုပ်ကာ စတင်ခဲ့ကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်က ဇန်နဝါရီ ၆ ရက်မှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေးသီချင်းသစ်တစ်ပုဒ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ တေးသီချင်းသစ်ထုတ်လွှင့်မှုနဲ့အတူ မိုင်လီဆိုင်းရပ်စ်က နှစ်သစ်၊ ဆံပင်သစ်နဲ့ တေးသီချင်းသစ်ရယ်လို့ ရေးသားဖော်ပြခဲ့ကာ သူ့ရဲ့ဓာတ်ပုံကိုလည်း ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံမှာ မိုင်လီဆိုင်းရပ်စ်ကို ဆံပင်အတိုနဲ့ တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ ခုနစ်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ်ကို ယခုနှစ်အတွင်း ထုတ်လွှင့်သွားဖွယ်ရှိပါတယ်။ တေးအယ်လ်ဘမ်အမည်ကို She Is Miley Cyrus လို့ ပေးထားပြီး ဒီတေးအယ်လ်ဘမ်မှာ She Is Coming ၊ She Is Here နဲ့ She Is Everything ရယ်လို့ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ပထမပိုင်းကို ပြီးခဲ့တဲ့မေလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

## ခရစ်ဟမ်းစ်ဝေါ့သ်မိသားစု ဩစတြေးလျတောမီးအတွက် ဒေါ်လာ တစ်သန်းလှူဒါန်းမည်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ခရစ်ဟမ်းစ်ဝေါ့သ်က သူ့ရဲ့ဇာတိဖြစ်တဲ့ ဩစတြေးလျမှာ လောင်ကျွမ်းလျက်ရှိတဲ့ တောမီးငြိမ်းသတ်ရေးလုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ခရစ်ဟမ်းစ်ဝေါ့သ်က ဒီလို လှူဒါန်းသွားမှာဖြစ်ကြောင်းနဲ့ ပရိသတ်တွေကိုလည်း ပါဝင်လှူဒါန်းစေလိုကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဇန်နဝါရီ ၆ ရက်က ရေးသားဖော်ပြခဲ့ပါတယ်။ ခရစ်ဟမ်းစ်ဝေါ့သ်က ဒေါ်လာတစ်သန်းကို လှူဒါန်းတာဟာ သူ့ရဲ့မိသားစုတွေကိုယ်စား လှူဒါန်းတာဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ခရစ်ဟမ်းစ်ဝေါ့သ်ဟာ ဩစတြေးလျခရီးသွားလုပ်ငန်းသံတမန်အဖြစ် ခန့်အပ်ခံထားရသူဖြစ်ပြီး သူ့ရဲ့ ညီအစ်ကိုတွေဖြစ်ကြတဲ့ လီယမ်ဟမ်းစ်ဝေါ့သ်နဲ့ လုခ်ဟမ်းစ်ဝေါ့သ်တို့ဟာ ဩစတြေးလျတောမီးလောင်ကျွမ်းမှုကို အပြင်းအထန်ခံစားနေရတဲ့ နယူးစောက်သ်ဝေးလ်ပြည်နယ်ရဲ့ ကမ်းရိုးတန်းမြို့တွေမှာ နေထိုင်ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့်ရေးသားသည်

ပဲနွယ်ကုန်းအသင်း (ရန်ကုန်)

သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ပွဲ နှင့် ဆဋ္ဌမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ရွှေနွယ်မြေဖွား မိသားစုများ ညီညာမှုစု စွမ်းဆောင်မှုတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပဲနွယ်ကုန်းအသင်း (ရန်ကုန်) ၏ ဆဋ္ဌမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ နှင့် ပဲနွယ်ကုန်းအသင်းအတွက် ဂုဏ်ဆောင်ပေးသူ၊ ဂုဏ်မြင့်စေသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲသို့ ပဲနွယ်ကုန်းနှင့် ဆွေမျိုးတော်စပ်သူများအားလုံး မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်--

နေ့ရက်- ၁၃၈၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက်၊ ၁၁. ၁. ၂၀၂၀ (စနေနေ့)။

အချိန် - နံနက် (၉း၀၀) နာရီအချိန်။

နေရာ - ဗိုလ်ဆောင်ဈေးဝန်းကြီးဌာနမျှော်စဉ် ယောဆိပယနှဘုရားဝင်း၊ ရွှေတိဂုံဘုရားလမ်း။

အမှုဆောင်အဖွဲ့

ပဲနွယ်ကုန်းအသင်း (ရန်ကုန်)

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ဤအသင်းကြီး၏(၄၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁၉)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉)နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)ကုန်သွယ်/လယ်ယာခမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။ မြို့နယ်မှ ရန်ကုန်ရောက်အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံများ၊ ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ဦးခင်မောင်မြင့်(၀၉-၄၂၀၀၀၆၂၅၁)၊ဒေါ်ခင်မျိုးသိန်း(၀၉-၈၉၇၇၉၃၉၁၉)၊ ဦးသိန်းလှိုင်(၀၉-၇၈၂၅၁၅၃၄၂)၊ဦးအောင်သိန်း(၀၉-၄၂၁၁၁၆၀၂)တို့ထံ ကြိုတင်ဆက်သွယ်ကြပါရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူ/မြို့နယ်သားများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

သုံးရောသီ ဝမ္မဒါန အပတ်စဉ်(သောကြာ) 09 420144148 09 421153797

Jan 3, 10, 17, 24 ကားမျိုးစုံ စင်းလုံးငှားသည်

* မန္တလေး၊ မေမြို့၊စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် – ၅၅၀၀၀ိ/–
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်၊ ထီးစဲခါး – ၇၀၀၀၀ိ/–
* မြစ်ကြီးနား၊မိုးကုတ်၊ဇလုံကောင်၊ရွှေဘိုအညာသီဟ–၁၁၀၀၀၀ိ/–
* ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့် –၄၅၀၀၀ိ/–
* ထားဝယ် ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ – ၇၀၀၀၀ိ/–

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ဦးလှကြည်** (အချိန်ပိုင်းပါမောက္ခ၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး၏ **သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂)ဒေသကောလိပ်၊**

**၁၉၇၉–၈၀ သိပ္ပံ သင်္ချာ(ဘူမိ)**

**T3 ကျောင်းသား ကျောင်းသူဟောင်းများ**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ရရှိခဲ့သော

**ဒေါ်တင်လတ်မင်း** (ဒါရိုက်တာ) ရွှေဖျိုင်းဖြူ ကုမ္ပဏီလီမိတက်အား

THEIA Gems & Jewellery (Treasure Link Co.,Ltd)မှ အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါသည်။

ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ အမျိုးဘာသာ/သာသနာ အကျိုးကို ယခုထက်မက ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးနိုင်–ဒေါ်မိုးစိမ့်စိမ့်လင်း(သီရိသုဓမ္မသိင်္ဂီ)**

**(Treasure Link Co.,Ltd)**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

# ဦးဇော်မိုးခိုင်

Group Managing Director

AA Medical Products Ltd.

(Pacific–AA Group) အား

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ**"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**အန်ကယ်ကျိုး မိသားစု**

**Win Lwin Aung Co.,Ltd.**

အောင်ကာမှာ

ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊အရှေ့ပိုင်း၊မြောက်ပိုင်း)ရှိ မြေကွက်များဝယ်လိုပါသည်။ အိမ်အရောက်ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။

09-43118200
09-450096144
09-450096155

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09-5089354
09-5180139

GRACE

(Eng Specialist)

* TOEFL
* IELTS } အမြန်သင်ပေးသည်
* Eng 4 Skills & Grammar (အိမ်လိုက်သင်ပေးသည်။)
* YLE exams & Polytechnic English ဖြေဆိုမည့်သူများအတွက် သီးသန့်သင်ကြားပေးသည်။

**အမှတ်(၈၃)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊**

**Ph:09–43020728**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ကိုထိုက်ထိုက်တန်တန်ရရှိခဲ့သော **ဒေါ်နန်းခင်ညွန့်**(ဒါရိုက်တာ) Fuxing Brother Co.,Ltd အား THEIA Gems & Jewellery (Treasure Link Co.,Ltd)မှ အထူးပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။

ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ အမျိုးဘာသာ/သာသနာအကျိုးကို ယခုထက်မက ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးနိုင်–ဒေါ်မိုးစိမ့်စိမ့်လင်း(သီရိသုဓမ္မသိင်္ဂီ)**

**(Treasure Link Co.,Ltd)**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ရရှိခဲ့သော

**ဒေါ်မိုးသဥ္ဇာမောင်** (ဒါရိုက်တာ)

Viking Myanmar Co.,Ltd အား

THEIA Gems & Jewellery (Treasure Link Co.,Ltd)မှ အထူးပင်ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါသည်။

ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ အမျိုးဘာသာ/သာသနာအကျိုးကို ယခုထက်မက ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးနိုင်–ဒေါ်မိုးစိမ့်စိမ့်လင်း(သီရိသုဓမ္မသိင်္ဂီ)**

**(Treasure Link Co.,Ltd)**

## အမည်ပြောင်း

လပွတ္တာခရိုင်၊ လပွတ္တာမြို့နေ ဒေါ်ရီရီစန်း[၁၄/လပတ(နိုင်)၀၀၀၁၄၃]၏ သမီးများဖြစ်ကြသော မမြတ်ဆုစံအား မဆုရည်မြတ်ဟု လည်းကောင်း၊ မမြတ်သစ်စံအား မဆုမြတ်မွန်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုရည်မြတ်၊ မဆုမြတ်မွန်**

အားမာန်(မြို့တွင်း/နယ်ဝေး)

အိမ်ပြောင်းဝန်ဆောင်မှုလုပ်ငန်း

ရန်ကုန်–မန္တလေးကုန်စည်အမြန်ပို့ဆောင်ရေး

Ph :09258 600700 , 09 698600700, 09 , 798600700 , 09 978600700

English

(အိမ်လိုက်သင်သည်)

4 Skills & Speaking Practice

Ph:09 974141806

မူလကျင့်ရှု–ယောကျ်ငသောက်

TMR000849(0519)

ရွှေတောင်–မြင့်

အမှတ်တံဆိပ်

ပန်းပေါင်းစုံ ဆေးဆေး

မြန်မာ့ဆေးစွမ်းကောင်း

ဦးနှင်းဦး(ထားဝယ်)

ထိပ်တန်း

အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း

မော်တော်ကား Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။




ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ ရက် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ (အောင်ရတနာသင်္ကန်းတိုက် ပိုင်ရှင်) သာသနဒါယကာကြီး ဦးအောင်သန်းစိန် (သီဟသုဓမ္မဇောတိကဓဇ)၏ဇနီး သာသနဒါယိကာမကြီး **ဒေါ်အေးမြင့်သန်း** အား **"သီဟသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါသည်။

ပရိယတ္တိတာဝန်များကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်နေသော အနယ်နယ်အရပ်ရပ်ရှိ သာသနနွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများစွာတို့အား ပစ္စည်းလေးပါးအတွက် မပင်ပန်းရလေအောင် ထောက်ပံ့လှူဒါန်းခဲ့သည်မှာ နှစ်ပေါင်း (၂၀)ကျော်ခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့ ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်အနာဂတ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ သက်ဆုံးတိုင် နိုင်ငံတော်အကျိုး၊ သာသနာအကျိုး၊ အမျိုးမျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**သမိဒ္ဓေါဒယသုခိတာရာမဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက်မှ**
**တိုက်အုပ်ဆရာကြီး ဒေါ်ဇယဝတီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့်**
**နာယကဆရာကြီးများ၊ တပည့် ဆရာလေးများ**

တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း
အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။
(၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ လစာ(၃-၆) သိန်းရမည်
ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂

Air-Con
အဟောင်း၊အပျက်
ဈေးကောင်းပေး
ဝယ်သည်။
Ph:09-446133213

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ကိုထွန်း အိမ်၊ခြံ၊မြေအကျိုးဆောင်(Lucky Brothers)
ရွှေပေါက်ကံမြို့သစ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်၊ အိမ်ခြံမြေများကို ဈေးမှန်ပေးဝယ်ပါသည်။
Ph:09-450909001

ဥတုရာသီ တောကို မှီ၏

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-7570307
09-5112729
09-73009734
09-73242979

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား / သူများအတွက်...
The Examination Guide
တက္ကသိုလ်ဝင်တန်း
မေးခွန်း(၅)စုံနှင့် စံပြအဖြေများ
စီပွဲတွဲ၊ သိပွဲတွဲ - အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါပြီ။



ဆက်သွယ်မှာကြားရန်
စာပေ
အမှတ်-၃၂-A၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
၀၉ ၂၅၃ ၅၃၅ ၁၃၆ ၀၉ ၅၃၀ ၃၁၂၂၉ ၀၉ ၄၃၁ ၄၁၂၂၉

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

မီးသတိပြု

EFIL EXCELLENT FORTUNE LIFE INSURANCE

EFIG EXCELLENT FORTUNE GENERAL INSURANCE

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာ့ဂုဏ်ပြု ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် "အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ကို EXCELLENT FORTUNE LIFE INSURANCE (EFIL)နှင့် EXCELLENT FORTUNE GENERAL INSURANCE (EFIG)တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာ သီရိသုဓမ္မသီရီ" ဘွဲ့ကို ဇနီး ဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

EXCELLENT FORTUNE LIFE INSURANCE (EFIL)
EXCELLENT FORTUNE GENERAL INSURANCE (EFIG)
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ

## မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဝမ်းမြောက်လွှာ

၁၃၈၁ခုနှစ်၊ ပြာသိုလဆန်း(၁၀)ရက်၊ ၂၀၂၀-ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက် နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်၁/၂၀၂၀-အရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရွာမအပိုင်း၊ ထ/၁၆ ရပ်ကွက် "ဓမ္မဂုဏ်ရောင်ခြည် ပဋ္ဌာနဝတီ" ကျောင်းတိုက်တော်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် **ဘဒ္ဒန္တ သီရိန္ဒ** အရှင်သူမြတ်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဖြစ်သော **မဟာကမ္မဋ္ဌာနာစရိယ**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခံရခြင်းအတွက် တပည့် ဒါယကာ/ဒါယိကာမ အပေါင်းတို့က ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။ ဘာသာ သာသနာတော်၏ အကျိုးကိုလည်း ဆတက်ထမ်းပိုး တိုး၍ တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘာသာသာသနာ လူမှုကူညီရေးအသင်းနှင့် ဓမ္မဂုဏ်ရောင်ပဋ္ဌာနဝတီ ယောဂီ များအဖွဲ့၊
လှော်ကားရွာမအပိုင်း၊ ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် မိဘသဖွယ် အားကိုးအားထားရပါသော သာသနာ့ဖခင်ကြီး လူမှုထူးချွန်ပထမဆင့် တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ **ဦးကိုကိုထွေး** အား (၇၂)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲအခါသမယတွင် **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် အပ်နှင်းချီးမြှင့်ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာ အကျိုးနှစ်ဖြာကို ဆတက်မက ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆရာကြီးနှင့် တပည့်များ
သက္ကနိမ္မိတာရုံ သီလရှင်စာသင်တိုက်၊ ဗဟန်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် နေ့တွင်
နိုင်ငံတော်သမ္မတ မှ
ဒေါ်ငယ်ငယ်ထွေး (ရွှေမန္တလေးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)အား
သုဓမ္မသိင်္ဂီဘွဲ့
ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်
အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဦးစိုင်းကိုကိုအောင်
ခေတ်သစ်ဦး ထရေးဒင်းလီမိတက်
ရန်ကုန်မြို့

ဦးအောင်ဇော်ဝင်း
မိုးမြင့်အောင်သူ ကုမ္ပဏီလီမိတက်
ရန်ကုန်မြို့

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး

## ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)

ကြည်း-၈၄၅၈

ဗိုလ်သင်တန်းအပတ်စဉ် (၂၅)၊ စီးပွား/ကူးသန်းဝန်ကြီး (ငြိမ်း)

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်း (၂၃)ရပ်ကွက်၊ အမှတ်(၄၀)၊ ဂန္ဓမာလမ်း၊ သုဝဏ္ဏနေ (ဦးကွန့်-ဒေါ်အေးရှင်)တို့၏သားကြီး၊ ဦးမြင့်သောင်း-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်စိန်စိန်(စီမံကိန်းရေးဆွဲရေး ဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း၊ (ဦးမြင့်သိန်း)-ဒေါ်ခင်ခင်လှိုင်တို့၏ အစ်ကို၊ ဦးသိန်းထူး-ဒေါ်သူဇာလှိုင်၊ ဦးတေဇာလှိုင်၊ ဦးကျော်သူထက်-ဒေါ်ခင်စန္ဒာလှိုင်၊ ဦးကျော်ဇေယျာလှိုင်-ဒေါ်မော်မော်အောင်တို့၏ဘကြီး၊ မောင်မြတ်ထူးမောင်၊ မောင်ဟန်မင်းထူး၊ မောင်လှိုင်ဝီရအောင်၊ မခင်ခေတ်ကောင်းစံတို့၏ ဘိုးဘိုးကြီးသည် ၃-၁-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးငွေအောင် (၈၁) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၂၁၀)နေ (ဦးရမောင်-ဒေါ်တင်မြို့)တို့၏သား၊ (ဦးသိန်း-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဒေါ်စန်းလှ၏ခင်ပွန်း၊ (ကိုအေးသန်း)-မသက်သက်ချို၊ မခင်ဝင်းကြူအောင်(စင်ကာပူ)၊ မဇင်မာမြင့်၊ ကိုသက်နိုင်-မသင်းသင်းငွေ (ခ) မခင်မတို့၏မွေးသဖခင်၊ မောင်အောင်ပြည့်ဖော်၊ မစံရတီတို့၏ အဘိုးသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး

## ဒေါ်အေးရီ(ဒါးပိန်)

**အသက်(၈၀)**

ဒါးပိန်မြို့နေ(ဦးသိန်း-ဒေါ်ကြင်မြိုင်)တို့၏သမီးကြီး၊ (ဦးရွှေမင်း)၏ဇနီး၊ ဦးဟန်တင့်-ဒေါ်သန်းသန်းဝင်း၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်အေးသန်းမြင့်၊ မတင်တင်အေး၊ ကိုမြင့်ထွေး-မသိုက်သိုက်ညွန့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား၊ အမှတ် (၁၂၆၀)၊ အခန်း ၁၀၆၊ သီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်အေးရီသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်းဆွေ (ရွှေတောင်)

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၉)၊ အခန်း(၅၀၂)နေ (ဦးမောင်တင်-ဒေါ်စိန်ကြည်)တို့၏သမီး၊ (ဦးဘငွေ-ဒေါ်နက်)တို့၏ သမီးချွေးမ၊ ဦးယုံ(ခ)ဦးမြင့်သိန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်ဆွေဇင်ဝင်း၊ ဦးကျော်ဇင်လတ်-ဒေါ်လွင်လွင်မြင့်၊ ဦးကြည်ဖြူလင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်မင်းခန့်ကျော်၊ မချယ်ရီရှင်းသန့်တို့၏ အဘွား ဒေါ်ခင်သန်းဆွေသည် ၆-၁-၂၀၂၀ ရက် နံနက် ၀၀:၁၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်နော်စီးယို

**အသက် (၇၁) နှစ်**

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့၊ ရပ်ကွက်(၅)နေ (ဦးဘူဟား-ဒေါ်ရွှေနီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ်(၁/ဘီ)နေ (ဦးလှရင်-ဒေါ်မြတင်)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီး ကျော်ရင် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူရ-ဒေါ်ခင်ဇာယဉ်၊ (ကိုသူရကျော်)တို့၏ချစ်လှစွာသောမိခင်၊ မဆုသံစဉ် (1st Year Tele. Engineering, YTU)၊ မောင်ကောင်းခန့်စည်သူ (Grade-7, F, T.T.C)တို့၏ချစ်လှစွာသော အဘွား၊ ကိုကျော်စိုးဟန်(Sathapana Limited)၏အဒေါ် ဒေါ်နော်စီးယိုသည် ၆-၁-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာနွယ်နွယ်လတ်(ခ)မနီမိုး

**ပါမောက္ခ၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၉-ဘီ)ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ အမှတ်(၂၄၅)နေ ဦးအေးကြည်-ဒေါ်သိန်းသိန်းအောင်တို့၏ သမီး၊ ဦးဝင်းနိုင်ဦး-ဒေါ်ဝင်းဝင်းမာ၏ ညီမ၊ ဦးထွန်းဇော်ဦး-ဒေါ်ခင်စန်းရွှေ၊ ဦးမိုးဦး-ဒေါ်နွယ်နွယ်လင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ယမင်းသန္တာထွန်း တို့၏ အစ်မ၊ ကိုထွန်းမင်းနိုင်-မခင်စုကြည် (လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ အဒေါ်၊ တူ/တူမ ငါးယောက် တို့၏ ကြီးတော်၊ မြေးတစ်ယောက်၏ အဘွားသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှ

**အသက်(၈၂)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်းရပ်ကွက်နေ (ဦးအောင်ကျော်-ဒေါ်သန်းတင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၂၄/က)နေ (ဦးလှကျော်)၏ ဇနီး၊ ဦးစိုးမိုးကျော်-ဒေါ်နွယ်နီဝင်း၊ ဦးစိုးမိုးအောင်၊ ဦးမောင်မောင်ကျော်-ဒေါ်ချိုချိုမြင့်၊ ဦးအောင်ဇော်ငွေ-ဒေါ်စန္ဒာကျော်၊ ဒေါ်ရင်ရင်မြကျော်၊ ဦးမြင့်ရွှေကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဝင်းစန္ဒာနေ၊ မစမ်းစန္ဒာတင်၊ မအိဖြူဖြူကျော်၊ မချိုသူသူကျော်၊ မနှင်းရတနာကျော်၊ မောင်စိုးပြည့်ကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင် (ပခုက္ကူ)

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ စိမ်းလဲ့အောင်ကွန်ဒို၊ အခန်းအမှတ် (၁၀၃)နေ (ဦးဘလင်း-ဒေါ်အေးညွန့်)တို့၏ သမီး၊ [ဗိုလ်မှူးခင်မောင်ကြီး (တပ်မတော်-ရေ)]၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်နီလာထွန်း၊ ဦးသန့်ဇော်-ဒေါ်ခင်မို့မို့စံ၊ (ဦးသန်းအောင်)-ဒေါ်အေးကျော့၊ Mr.Tan Yin Hoe-ဒေါ်မေသက်ခိုင် (Director, Miracle Tree Travel & Tours)၊ (ဦးကျော်မျိုး)-ဒေါ်လှလှထွေး(ခ) ဒေါ်အိမြတ်မှူး (Managing Director, Royal Jasmine White Co.,Ltd)တို့၏ မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်တင်တင်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) ည ၈:၁၅ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၂ တပ်မတော်ဆေးရုံမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ခင်သက်နီ (မြစ်ကြီးနား)

**ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)**

**ဂုဏ်ထူးဆောင်ပါမောက္ခ**

**ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်း (၂၀၄)နေ (ဦးနီ-ဒေါ်မြသင်)တို့၏ ချစ်လှစွာသောသမီး၊ Dr.ဦးဝင်းမော်-ဒေါ်သန်းသန်းနီ၊ ဦးညွန့်မောင်-ဒေါ်ရီရီစံ၊ ဒေါ်အုန်းအုန်းနီ၊ ဒေါ်အေးအေးနီ၊ ဦးညွန့်ဝေ-ဒေါ်ညိုညိုမြတ်၊ ဒေါ်ဆွေဆွေနီတို့၏ညီမ၊ ဦးအန်ထော်နီ၊ ဦးတင်မောင်နီ-ဒေါ်နန်းသူဇာနားတို့၏အစ်မ၊ ဦးကျော်စွာဝင်း-ဒေါ်ဂျိမ်းကွာ (S'pore)၊ Dr. ကျော်ထွန်းအေး-Dr. ထက်နွယ်ဝင်း(U.K)၊ ဒေါ်ခိုင်သဇင်ဝင်း(U.S.A)၊ ဒေါ်ထင်လင်းငယ်(Mega Co)၊ Dr. ထွဋ်အောင်ဝေ(U.K)တို့၏ ချစ်လှစွာသောအဒေါ်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၁၂:၃၂ နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ

## ဒေါ်မြင့်မြင့်ဝင်း

**အောင်ကျော်သိန်းထီဆိုင်၊ ရေကျော်**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ မြောင်းကြီးလမ်း(၈၉)နေ (ဦးချစ်ဆိုင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးကျင်သိန်း-ဒေါ်ငွေးကြည်)တို့၏သမီးချွေးမ၊ ဦးအောင်ဆန်းဦး (အောင်ကျော်သိန်းထီဆိုင်)၏ ချစ်လှစွာသောဇနီး၊ မောင်ကြည်မင်းလှိုင်-မမေဇွန်ဦး၊ ကိုဖိုးတိုး-မနှင်းဝတ်ရည်တို့၏ မွေးသမိခင်၊ မောင်ဟိန်းအာကာထက်၊ မောင်ဘုန်းအာကာထက်၊ မသင်းနဒီဦး၊ မောင်ဇမ္ဗူလင်းရောင်တို့၏ အဘွား၊ ဦးမြင့်ဦး၊ ဦးလှမျိုး၊ ဒေါ်ငွေငွေဝင်းတို့၏ ညီမ၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းသိန်း၊ ဒေါ်မြမြစိုးတို့၏အစ်မ ဒေါ်မြင့်မြင့်ဝင်းသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြည်း-၃၆၇၈၁ ဗိုလ်မှူးကျော်ကျော်ဝိုင်း

**OTS (၁၀၆)**

**တပ်မတော်အုပ်ချုပ်မှုကျောင်း**

**ဌာနမှူး (ဥပဒေဌာန)**

**အသက် (၄၆) နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း (အထက်)၊ အမှတ်(၂၁၈)မြေညီနေ (ဦးစိန်သောင်း)-ဒေါ်လှသန်းတို့၏သား၊ ဦးစိန်အေး-ဒေါ်ဖြူဖြူအေးတို့၏ သားသမက်၊ ဒေါ်ယဉ်မင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သစ္စာကျော်(အ.ထ.က-၂၊ မှော်ဘီ)၊ မခင်တင့်တယ်ကျော်တို့၏ကျေးဇူးရှင်မွေးသဖခင် ဗိုလ်မှူးကျော်ကျော်ဝိုင်းသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၁၀ နာရီတွင် အမှတ်(၂)၊ ခုတင်(၅၀၀) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်းဆွေ(ရွှေတောင်)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၉)၊ အခန်း(၅၀၂)နေ (ဦးမောင်တင်-ဒေါ်စိန်ကြည်)တို့၏ သမီး၊ ဦးယုံ(ခ)ဦးမြင့်သိန်း၏ဇနီး ဒေါ်ခင်သန်းဆွေသည် ၆-၁-၂၀၂၀ ရက် နံနက် ၀၀:၁၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး

## ဒေါ်မေမေတင်

**အသက် (၇၀)**

ရန်ကုန်မြို့နေ (ဦးအောင်ကြီး-ဒေါ်မြမြ)တို့၏ စတုတ္ထမြောက်သမီး၊ (ဦးတင်ထူး)၏ဇနီး၊ ဦးပန်းဒုမ်-ဒေါ်ခင်မြင့်မြင့်တင်၊ (ဦးတင်ဝင်း)-ဒေါ်မာဂရက်ယဉ်ယဉ်မေ၊ (ဦးသန်းရွှေ)-ဒေါ်မာမာတင်တို့၏ညီမ၊ ဦးဆွေတင်-ဒေါ်ခင်စုစု၊ ဦးတင်ထွဋ်-ဒေါ်ဝေဝေတင်၊ (ဦးဟန်တင်)တို့၏ အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ မလိခအိမ်ရာ၊ တိုက်(၁၆)၊ အခန်း(၁၃)နေ ဦးမြင့်ဝင်း-ဒေါ်မေသူအောင်တို့၏ မိခင်၊ မသော်တာခင်၏ အဘွားသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆:၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းနွဲ့

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၂)၊ ခြောက်လွှာ(A)နေ (ဦးအောင်ဖြေ-ဒေါ်ခင်လှ)တို့၏ သမီး၊ ဦးစိုးအောင်၏ ဇနီး၊ မောင်သန်းထိုက်-မမေမြတ်မွန်တို့၏ မိခင်၊ မဟိန်းနန္ဒာအောင်၊ မသဇင်မြတ်မွန်တို့၏ အဘွား ဒေါ်စန်းနွဲ့သည် ၆-၁-၂၀၂၀ ရက် ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

**သင့် သွေးဖြင့် အသက် ကယ်ပါ**

ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်ကြည်

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၃)၊ အခန်း(၁၆)နေ (ဦးထွန်းစိန်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးလှဘော်-ဒေါ်တင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးသန်း) (ကိုသန်း ကြည့်မြင်တိုင်)၏ချစ်လှစွာသော ဇနီး၊ (ဒေါ်ဥမ္မာသန်း)၊ ဒေါ်အေးအေးသန်း(မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း)၊ ဒေါ်လှိုင်လှိုင်သန်း(သမဝါယမဦးစီး-ငြိမ်း)၊ ဦးဇော်ဇော်သန်း-ဒေါ်သိန်းငွေ၊ (ဒေါ်ဝင်းဝင်းသန်း)၊ (ဒေါ်အေမီသန်း)၊ ဦးဆွေသန်း-ဒေါ်အေးအေးချော (ပြည်သူ့ဆေးရုံ-လှည်းကူး)၊ ဦးထွန်းလှဝင်း (Raffles Shipping)-ဒေါ်ဆွေမာသန်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မအင်ကြင်းဖူး၊ မောင်မြတ်ဘုန်းပြည့်၊ မခင်မီမီဇော်၊ မောင်မြတ်မင်းဇော်တို့၏အဘွားသည် ၆-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနု(ခ)မေစီ

**(မြောင်းမြ)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၉)လမ်း၊ တိုက်(၆)၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်နေ (ဦးကိုကို-ဒေါ်မြမြကြည်)တို့၏ သမီးကြီး၊ (ဦးဘိုးရွှေ-ဒေါ်သင်)တို့၏ သမီးချွေးမ၊ (ဒု-ရဲမှူးကြီး ဦးထွန်းရှိန်-ငြိမ်း)၏ဇနီး၊ (ဦးတင်စိန်)-ဒေါ်ခင်ဝင်းမြင့်တို့၏ အစ်မ၊ ဦးတင်မြင့်-ဒေါ်စန်းစန်းနွယ်၊ ဦးကျော်ကျော်-ဒေါ်ခင်မေအိ၊ ဦးတင့်လွင်-ဒေါ်ခင်မေအု၊ ဦးရဲထွန်း-ဒေါ်ခင်စောမူ၊ ဦးရှူပ-ဒေါ်နီလာ၊ ဦးကျော်စိုးထွန်း-ဒေါ်စန္ဒာအုန်းတို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁-၂၀၂၀(တနင်္လာနေ့) ည ၁၀:၂၆ နာရီတွင် ဂရင်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (B.A, B.Ed) (ဆင်ဖြူကျွန်း)

**အထက်တန်းပြဆရာကြီး (ငြိမ်း)၊ အ.ထ.က (ဝါဒီ)**

**အသက် (၈၅) နှစ်**

ဆင်ဖြူကျွန်းမြို့၊ ပိုးအရှေ့ရပ်နေ (ဦးစိုးမောင်-ဒေါ်လှဝင်း)တို့၏သား၊ ဆင်ဖြူကျွန်းမြို့၊ ပြန်လွင့်ရပ်နေ (ဦးမောင်မောင်-ဒေါ်မမကြီး)တို့၏သားသမက်၊ ဒေါ်သန်းညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏ်ထွန်း (ခရိုင်မန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်-ပခုက္ကူ)-ဒေါ်ခင်ငွေဦးတို့၏အစ်ကို၊ (ဒေါ်သင်းသင်းဝင်း)၊ ဒေါ်အေးအေးဝင်း-ဦးစိုးစိုး (ဒုအရာခံဗိုလ် လ.န.စ)၊ ဒေါ်ရီရီမွန်-(ဦးမြတ်ကျော်)၊ ဒေါ်ဆွေဆွေဝင်း(DKSH-Pfizer)-ဒေါက်တာညီညီသန့်၊ ဒေါ်ခင်ချစ်ဝင်း (လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး)-ဦးမျိုးဝင်းထွန်း(အရာခံဗိုလ်၊ က.က.လုံ)၊ ဦးဇေယျာထွန်းဝင်းဇော်(Construction Site မန်နေဂျာ)-ဒေါ်လဲ့လဲ့ကြူ (Field မန်နေဂျာ၊ Third Eye Research)၊ မအေးသန္တာငြိမ်း၊ မမြတ်စုဝင်း (လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး)-ဦးဝင်းဇော်ဦး (တပ်ကြပ်ကြီး က.က.လုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် နေပြည်တော်၊ (ခုတင်-၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက်(ခ-၉)၊ အခန်း (၁၀)၊ က.က.လုံ(ရွာတော်)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## တပ်ကြပ်ကြီး ခင်မောင်ဝင်း

ပည-၄၁၊ ကိုယ်ပိုင်အမှတ်-၁၅၆၅၉၊ တပ်မတော် (ရေ)၊ ငြိမ်း

**အသက် (၇၁) နှစ်**

သထုံမြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်ဝင်းကြည်)တို့၏သား၊ ဦးခင်မောင်သင်း၏အစ်ကို၊ နေပြည်တော်နေ (ဒေါ်မြသန်း)၏ခင်ပွန်း၊ ဦးကိုကိုဦး (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး) - ဒေါ်ခင်သူဇာ (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ ဦးမောင်မောင် (Multi Gate)-ဒေါ်ဝင်းဝင်းအိ၊ ဦးနေအောင် (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-ဒေါ်နွဲ့နွဲ့ရီ(လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ဦးသူရအောင်(Uniteam Marine)-ဒေါ်သက်ထားနု(ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂ :၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက် (၂၃၃၆)၊ အခန်း (၁၅) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

**Lucy Daw Cing Sian Huai အသက်(၃၁)နှစ်**

**Matthias Tg.Thang Sian Sang အသက်(၄)နှစ်**

**Philip Tg. Pau Khan Lian အသက်(၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ (ဦးလှသိန်း)-Daw Nem Khan Niang (Naulak)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၅၀/ခ)၊ အောင်သပြေလမ်း၊ ပန်းခြံ(၁၈)၊ တ(၁၅)ရပ်ကွက်နေ (U Tuan Suan Thang)-Daw Cing Khan Mang (Ngaihte)တို့၏ သမီးချွေးမ၊ Pa En Khan Sing ၏ ချစ်လှစွာသောဇနီးနှင့် သားတို့သည် ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မလေးရှားစံတော်ချိန် နံနက် ၈ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြေနီကုန်း ဖာတီမာဘုရားကျောင်းမှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၇

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၇ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်း | ၇ | ဒီဂရီစင်တီဂရိတ် |

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

# တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးစီးပြိုင်ပွဲများ စတင်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၇

မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြှင့်မားစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်စက်ဘီးစီးပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်း၌ ကျင်းပသည်။

**အနိုင်ရရှိ**

ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသမီးမီတာ ၅၀၀၊ အမျိုးသားမီတာ ၁၀၀၀၊ အမျိုးသမီးကိုးကီလိုမီတာ၊ အမျိုးသား ၁၅ ကီလိုမီတာ ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ အမျိုးသမီးမီတာ ၅၀၀ စက်ဘီးစီးပြိုင်ပွဲတွင် ပထမ စိုးစန္ဒာဝင်း (တနင်္သာရီ) စံချိန် ၄၃ ဒသမ ၈၅ စက္ကန့်၊ ဒုတိယလှလှနွယ် (ပဲခူး) စံချိန် ၄၅ ဒသမ ၀၉ စက္ကန့်၊ တတိယ သင်းကလျာစိုး (မန္တလေး) စံချိန် ၄၅ ဒသမ ၂၅ စက္ကန့်၊ အမျိုးသားမီတာ ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲတွင် ပထမကောင်းစည်သူ (ပဲခူး) စံချိန် ၁:၀၈ ဒသမ၇၈ မိနစ်၊ ဒုတိယညီညီအောင် (ရန်ကုန်)

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

# ၂၀၂၀ ရာသီ MNL ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲကို ယခုလအတွင်း စတင်ကျင်းပမည်




၂၀၁၉ရာသီ MNL ယူ-၂၁ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MFF Youth အသင်း

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၀ ရာသီ MNL ယူ-၁၉ နှင့် ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲကို ယခုလအတွင်း စတင်ကျင်းပမည်ဖြစ်သည်။

**ပြိုင်ပွဲနှစ်ခုသာ ကျင်းပမည်**

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ယခုရာသီတွင် လူငယ်လိဂ်ပြိုင်ပွဲ ကျင်းပသည့်ပုံစံကို ပြောင်းလဲခဲ့ပြီး ပြိုင်ပွဲလေးခု ကျင်းပမည့်အစား ယူ-၂၁ နှင့် ယူ-၁၉ လိဂ်ပြိုင်ပွဲနှစ်ခုသာ ကျင်းပမည်ဖြစ်ကာ ကစားသမားများ ပွဲကစားခွင့်ပိုမိုရရှိစေရန် ဆောင်ရွက်ခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၃ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ

မျိုးပွားမှုဆိုင်ရာ ရောဂါများအတွက် မှန်ပြောင်းနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ခွဲစိတ်ဆရာဝန်ကြီးများ၏ စကားသံများ
စာမျက်နှာ » ၈

မြန်မာနည်းပညာကုမ္ပဏီ 360 ed အား Nikkei သတင်းဌာနမှ ဆုချီးမြှင့်
စာမျက်နှာ » ၁၂

ကမ္ဘာ့ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်လာမှုနှင့် ပတ်သက်၍ ကုလအကြီးအကဲ သတိပေး
စာမျက်နှာ » ၁၃

